မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၃၁၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျရောက်သော အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါကွဲလွဲချက်အများစု ဒုတိယနေ့အစည်းအဝေးတွင် သဘောတူညီမှုရရှိ

စာ » ၃

“ အရေးကြီးဆုံးအချက်တွေကို နှစ်ဖက်စလုံးကသဘောတူထားပြီးပြစ်လို့ ကျန်တာနည်းနည်းက ညှိနှိုင်းဖို့ပဲကျန်ခဲ့လောက်တော့ ”

MPC ၏ အထူးအကြံပေး ဦးလှမောင်ရွှေ

“ တစ်နိုင်ငံလုံးစောင့်မျှော်နေသော အပစ်အခတ်ရပ်စဲရေးသည် အဓိကဆွေးနွေးရန်ကျန်ရှိသည့် အခန်း (၇)ကို ဆွေးနွေးပြီးပါက နီးကပ်လာပြီ ”

NCCT အဖွဲ့ ဒုတိယခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်း

မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံစိန်ခေါ်ပွဲ ယနေ့ယှဉ်ပြိုင်မည်

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ရိုးရာလက်ဝှေ့တွင် ချုပ်သိုင်းပိုင်ရင်လုပ်ဘိုင်းနိုင်တယ် ဆိုသည့် ဆိုရိုးစကားရှိရာ သို(လက်သီး) ကန်(ခြေထောက်)တိုက်(ဒူး ဦးခေါင်း) ခိုက်(တံတောင် ဦးခေါင်း) သာမကဘဲ အချုပ်အဝှက်နှင့် အားပြောင်းအားလွှဲ ပညာရပ်ကိုလည်း အသုံးပြုနိုင်စွမ်းရှိသည်ကိုတွေ့ရမည့် မြန်မာပြည် ချန်ပီယံစိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲတွင် စောရွှေကျော်(ရွှေ့ဖူး)နှင့် စောလယ်ပွယ်ထူး(T&T)တို့ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စောရွှေကျော်က ပွဲပေါင်းများစွာ ကစားထားသူဖြစ်သည်။ ၎င်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် စောလယ်ပွယ်ထူးက ပွဲပေါင်းနည်းသော်လည်း ဖွဲ့ သတ္တိအပြည့်ရှိသူဖြစ်ရာ ပရိသတ်အကြိုက် ပွဲကောင်းဖြစ်နိုင်သည်။ သားအသဲတစ်ပွင့်(စွမ်းကေဇက)နှင့် အားမာန်(T&T)တို့ပွဲတွင် သားအသဲတစ်ပွင့်က ယခင်ပွဲမှာအားမာန်ကို ရှုံးခဲ့ဖူးသူဖြစ်သည်။ ယခုပွဲမှာ

စာမျက်နှာ ၈ ကော်လံ ၃ ◆

ရန်ကုန်မြို့တွင်း ရထားစီးခရီးသွားများ အားထားရသည့် အဆင့်မြင့်အာရ်ဘီအီး မြို့ပတ်ရထား ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာလာစဉ်။

အာရ်ဘီအီး တွဲဆိုင်းသစ် မြို့ပတ်ရထား စတင်ပြေးဆွဲ ခရီးစဉ်တစ်ခု အထူးနှုန်း ငွေကျပ် ၃၀၀ သတ်မှတ်

သတင်း
မောင်စိန်လွင်
(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရန် ရည်ရွယ်ပြီး မြန်မာ့မီးရထားမှ ဒုတိယမြောက် အာရ်ဘီအီး မြို့ပတ်ရထားတွဲဆိုင်းသစ်ကို ယနေ့နံနက်ပိုင်းမှစတင်ကာ ယခင်မြို့ပတ်ရထား အာရ်ဘီအီး (၁) အစဉ်မြင့် တွဲဆိုင်းပြေးဆွဲသည့် လမ်းကြောင်းတွင် စတင်ပြေးဆွဲပြီဖြစ်သည်။

ယခု စတင်ပြေးဆွဲပေးသည့် အာရ်ဘီအီးမြို့ပတ်ရထား တွဲဆိုင်းသစ်သည် မကြာမီက ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာခြင်းဖြစ်ပြီး တွဲဆိုင်းတစ်ဆိုင်းလျှင် အမေရိကန်ဒေါ်လာ ကိုးသောင်းကျော်နှင့် တစ်သိန်းနှစ်သောင်းဝန်းကျင် ကုန်ကျခဲ့ကြောင်း သိရသည်။ အဆိုပါ အာရ်ဘီအီးမြို့ပတ်ရထားတွဲဆိုင်းသစ်ကို ယခင်ပြေးဆွဲပေးလျက်ရှိသည့်

စာမျက်နှာ ၈ ကော်လံ ၁ ❁

ဆီဆိုင်မြို့ ဇဝနာရာမစာသင်တိုက်မှ ရဟန်း/သံဃာများ အစာအဆိပ်သင့်မှုဖြစ်ပွား

စာ » ၉

ယနေ့ မာတိကာ

လူသားချင်းစာနာမှုဆိုင်ရာ ယာဉ်တန်း စစ်ရေးအသုံးချမည် မဟုတ်ဟု ရုရှားက အမေရိကန်အား အခိုင်အမာပြောဆို စာ » ၄

အာမေဒိုတ်စကားလုံးများ ဆောင်းပါး စာ » ၆

ရထားအောက်ပြုတ်ကျခဲ့သည့် ကိုရီးယားနိုင်ငံသား၏ လက်ကိုင်ဖုန်း ပိုင်ရှင်ထံ ပြန်လည်ပေးအပ် စာ » ၇

အဝေးပြေးလမ်းမကြီးတွင် ကားတိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူနှစ်ဦးကို အာမခံလျော်ကြေးငွေပေးအပ် စာ » ၈

မာရေး ပက်ခဲရားကို ရှုံးနိမ့် စာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြေသယံဇာတ စနစ်တကျသုံးစွဲကြ

ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးပြီး မြို့ပြများသာသာ လှပလာခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်စေသော ပုံရိပ်ပင်မြစ်ပါသည်။ ကျေးလက်နှင့်မြို့ပြဟန်ချက်ညီမျှတစွာ ဖွံ့ဖြိုးလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ကာ ပြည်သူများ၏ ဆင်းရဲမှုနှုန်းကို လျှော့ချလာနိုင်မည် ဖြစ်ပါသည်။ ကျေးလက်ဖြစ်စေ၊ မြို့ပြဖြစ်စေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် မြေယာသည် အခြေခံအကျဆုံးဖြစ်ပြီး အကန့်အသတ်ရှိသော သယံဇာတလည်းဖြစ်ပါသည်။

ကျေးလက်ဒေသနေပြည်သူများ၏ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုအတွက်လည်းကောင်း၊ မြို့ပြနေပြည်သူများ အိုးပိုင်အိမ်ပိုင်နေထိုင်ရေးအတွက်လည်းကောင်း အဓိကလိုအပ်ချက်မှာ မြေယာပင်မြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုစေရန်အတွက် အဓိကအရေးအကြီးဆုံးဖြစ်သည် ကျေးလက်ဒေသများ၌ မြေယာများ ဖော်ထုတ်ပေးနေသကဲ့သို့ မြို့ပြများ၌လည်း တန်ဖိုးနည်း တန်ဖိုးသင့် ဝန်ထမ်းအိမ်ရာများ ဖော်ထုတ်ပေးရန် စီစဉ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား၌ အမှန်တကယ် မြေမဲ့ယာမဲ့ဖြစ်နေသည့် မြည်သူများကို မြေယာများချထားပေးခြင်းသည် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် အရေးပါသည် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး၊ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ ဦးစားပေးဆောင်ရွက်နေသည့် ဤလုပ်ငန်းကို အလေးထားဆောင်ရွက်သွားမည့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မှန်ပါသည်။ အမှန်တကယ် မြေမဲ့ယာမဲ့ ဖြစ်ရသူများကိုသာ မြေယာများချထားပေးခြင်းဖြင့် အလုပ်အကိုင်များရရှိကာ မိသားစုလူမှုစီးပွားဘဝတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ယခုအခါ တိုးတက်လာသော လူဦးရေနှင့် မြေမဲ့ယာမဲ့ ပြည်သူများအတွက် သစ်တောမြေ၊ မြေရိုင်းနှင့် ရွာမြေအခင်းအကျင်းများကို ပြင်ဆင်စီမံချထားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သောက်သုံးရေရှားပါးလာမှုအပေါ် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် သစ်တောပြုစုပျိုးထောင်မှု အစီအမံများကို ဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောမြေအဖြစ်မှ စွန့်လွှတ်လျက်ကျေးရွာ ပေါင်း ၁၂၁၃ ရွာကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုချထားပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြို့ပြများကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်လျှင် လူနေထိုင်ရာ **Residential Area**၊ စီးပွားရေးလုပ်ကိုင်ရန် **Commercial Area**၊ စက်မှုလက်မှုလုပ်ကိုင်ရန် **Industrial Zone**၊ စိုက်ခင်းများ ထူထောင်ရန်ဇုန်စသည်ဖြင့် စနစ်တကျ ခင်းကျင်းစီမံမှသာ ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်းဖြင့်လည်း နိုင်ငံတော်သမ္မတက ထိုအစည်းအဝေး၌ ပြောကြားခဲ့သည်။

သို့ပါ၍ ကျေးလက်ဒေသများနှင့် မြေမဲ့ယာမဲ့များအား မြေယာများထူထောင်ပေးမြင်းဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာမည်ဖြစ်သကဲ့သို့ မြို့ပြများ၌လည်း အိမ်ရာစီမံကိန်းများ စနစ်တကျဖော်ဆောင်ပေးခြင်းကြောင့် မြို့ပြနေပြည်သူများ နေထိုင်မှုအဆင်ပြေကာ တိုးတက်သောမြို့ပြများအဖြစ် ပြောင်းလဲလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင် အကြံပြုဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်" အကြံပြုဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက်နံနက် ၁၀ နာရီက သင်္ဂဟဟိုတယ်၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ Country Manager Mr. Kanthan Shankar တို့က အမှာစကားပြော ကြားခဲ့ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးပညာရှင် ဒေါ်မေသက်ဇင်က ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို တင်ပြဆွေးနွေးခဲ့ပြီး ဌာနအသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြကာ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယခုဆွေးနွေးပွဲသည် ၂၀၁၄ ခုနှစ် မေ ၁၆ ရက်၌ နေပြည်တော်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံအား စနစ်တကျ လေ့လာဆန်းစစ်ခြင်း (Systematic Country Diagnotic-SCD) ၏ နောက်ဆက်တွဲအဖြစ် SCD ၏ တွေ့ရှိချက်များကို တင်ပြဆွေးနွေးမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရာတွင် ဌာနပေါင်းစုံ၏ အကြံပြုဆွေးနွေးချက်များ ရယူသွားမည်ဖြစ်သည်။ ဆွေးနွေးပွဲရလဒ်များသည် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံအတွက် ရေ့လာမည် ခြောက်နှစ်အတွင်း အကောင်အထည်ဖော် လုပ်ဆောင်သွားမည် လုပ်ငန်းစဉ်များရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်ဂျန်းယန်၌ ကျောင်းကျန်းမာရေး ဟောပြော

အင်ဂျန်းယန် ဩဂုတ် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့တွင် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက အင်ဂျန်းယန်မြို့ အတတကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဒေါ်အိအိဝင်းက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ သူနာပြု ဒေါ်ဟန်လုတ်က ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဆေးလိပ်မသောက်ရေးတို့ကို ရှင်းလင်းဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ အင်ဂျန်းယန် အတတကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၆၅ ဦးတို့ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ခရီးသည်တင်ယာဉ်လိုင်းများ မြို့တွင်းအပြိုင်အဆိုင်မောင်း ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်စိုးရိမ်ရ

ရေတာရှည် ဩဂုတ် ၁၆

တောင်ငူ-ပျဉ်းမနား နေ့စဉ်ပြေးဆွဲနေသည် ခရီးသည်တင်ယာဉ်လိုင်းများ ခရီးသည်ရရေးအတွက် အပြိုင်အဆိုင် ပြေးဆွဲမောင်းနှင်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ ကျောင်းဆင်းချိန်နှင့် ကြုံရသည့်အခါ ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း ရေတာရှည်မြို့ခံတစ်ဦးက ပြောပြသည်။ ရန်ကုန်- မန္တလေးကားလမ်းတစ်လျှောက် နေ့စဉ်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ ပိုမိုများပြားထာသည်အတွက် ခရီးသည်ရရှိရန် ပိုမိုကြိုးပမ်းနေကြောင်း ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ "ခရီးသွားထက် ယာဉ်လိုင်းက ပိုနေတယ်၊ တစ်ခေါက်နှင့်တစ်ခေါက် တွက်ခြေကိုက်အောင် မနည်းကိုရာရတယ်" ဟု အထက်ပါယာဉ်မောင်းက ပြောပြသည်။ "ဟိုနေ့က တောင်ငူဘက်ကနေ ပျဉ်းမနားကို သွားတဲ့ ဒိုင်နာနှစ်စီး ရေတာရှည်မြို့ထဲမောင်းလာတာများ ကားပြိုင်ပွဲလားအောက်မေ့ရတယ်၊ အလုအယက်ကို မောင်းလာတာ၊ ညနေပိုင်းကျောင်းဆင်းချိန်လည်းဖြစ်တော့ ကျောင်းသား ကျောင်းသူကလေးတွေ တော်တော်စိုးရိမ်သွားတယ်၊ မြို့ထဲဆိုတော့ဗျာ ဆိုင်ကယ်တွေ၊ ဆိုက်ကားတွေ၊ လမ်းသွားလမ်းလာတွေ လည်းရှိတော့ အန္တရာယ်ရှိပါတယ်၊ ဘယ်သူမှလည်း အရေးယူ စစ်ဆေးဆောင်ရွက်တာမရှိသေးတော့ ယာဉ်အန္တရာယ်ဟာ တစ်နေ့မဟုတ် တစ်နေ့မှာတော့ ကြုံတွေ့လာနိုင်တယ်"ဟု ကိုယ်တိုင်ကြုံခဲ့ရသော ရေတာရှည်မြို့ခံတစ်ဦးက ပြောပြသည်။ ရန်ကုန်- မန္တလေးကားထမ်းတွင် နေ့စဉ်အသုံးပြုသွားလာနေသော ယာဉ်ကြီးယာဉ်ငယ်မျိုးစုံ မိုမိုများပြားထာသည်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး သတ်မှတ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ဝေဖန်မှုများထည်း ရှိသည်။

ကိုလွင်(ဆွာ)

လောင်းကစားဂိမ်းနှင့် ဆက်စပ်ပစ္စည်းများအပ်နှံ

မူဆယ် ဩဂုတ် ၁၆

ရှမ်းပြည်နယ် မူဆယ်မြို့နယ်တွင်း လောင်းကစားကျော်ဇောအမည်ရှိသူများက လောင်းကစားပြုလုပ်ရန်အတွက် အသုံးပြုခဲ့သည် လောင်းကစားဂိမ်းနှင့် ဆက်စပ်ပစ္စည်းများကို မိမိ၏ စိတ်ဆန္ဒအလျောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီသို့ ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် လာရောက်ဆက်သွယ်အပ်နှံကြောင်း သိရသည်။

အဆိုပါ လောင်းကစားဂိမ်းနှင့် ဆက်စပ်ပစ္စည်းများ အပ်နှံပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်းတို့က အပ်နှံသည့် လောင်းကစားဂိမ်းနှင့် ဆက်စပ်ပစ္စည်းတို့ကို လက်ခံခဲ့သည်။ ထိုသို့ လာရောက်အပ်နှံသော လောင်းကစားဂိမ်းနှင့် ဆက်စပ်ပစ္စည်းများ အမျိုးအစားမှာ ပဲကြားထော့ ၂၇ လုံး၊ ဂုဂင်းငါးလုံး၊ ဂျင် တစ်လုံး၊ ပိုက်ကြိုးတစ်နှင့် TV ဂိမ်းစက် ၃၅ လုံး စုစုပေါင်း ၅၀ ရရှိကြောင်း သိရသည်။

ခယ်လ်စိုး(iprd)

ပြည်တွင်းသတင်း

လာမည့်ပညာသင်နှစ်များတွင် သီရိဆောင်နှင့် မာလာဆောင်တို့အား ကျောင်းသူအဆောင်များ အသုံးပြုနိုင်ရေးဆောင်ရွက်မည်

ရန်ကုန်တက္ကသိုလ်၏ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ စီမံချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ပြည်လမ်း ရန်ကုန်တက္ကသိုလ်သီရိဆောင်ရှိ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ မာလာဆောင်ရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနများသို့သွားရောက်ပြီး သီရိဆောင်နှင့် မာလာဆောင်တို့အား မူလပုံစံမပျက် တက္ကသိုလ်ကျောင်းသူများ အဆောင်ပြန်လည်နေထိုင်နိုင်ရေးနှင့် လက်ရှိအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အောက်ရှိ အဆိုပါတွဲဖက်ဌာနနှစ်ခုကို ရန်ကုန်မြို့ရှိ သင့်တော်မည့်နေရာသို့ စနစ်တကျပြောင်းရွှေ့နေရာချထားရေးနှင့် ပို့ချခေတ်မီပြည့်စုံစွာ ဆောင်ရွက်ပေးရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဆိုပါဌာန တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ဆွေးနွေးပေးသည်။ **(ယာဗုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသားများ နေထိုင်လျက်ရှိသည့် ပင်းယဆောင်၊ စစ်ကိုင်းဆောင်နှင့် တက္ကသိုလ်၏အထင်ကရနေရာတစ်ခုဖြစ်သည့် သစ်ပုပ်ပင်တို့ကို လိုက်လံကြည့်ရှုရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် တက္ကသိုလ်တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ် ပရဝဏ်အား စီမံချက်ရေးဆွဲပြီး ရန်ကုန်တက္ကသိုလ်၏ ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို တက္ကသိုလ်က စနစ်တကျ စီမံရေးဆွဲပြီးဖြစ်သည့်စီမံချက်များနှင့်အညီ တက္ကသိုလ်၏ အစီအမံဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တက္ကသိုလ်ကျောင်းဆောင်များအား အိပ်ခန်းတစ်ခန်းလျှင် ကျောင်းသားတစ်ဦးနှုန်းဖြင့် နေထိုင်ခွင့်ပြုထားပြီး၊ အဆောင်များအား အဆင့်မြင့်တင်ပြုပြင်ဆောင်ရွက်လျက်ရှိရာ လာမည့်ပညာသင်နှစ်များတွင် ရန်ကုန်တက္ကသိုလ်ရှိ သီရိဆောင်နှင့် မာလာဆောင်တို့အား မူလအတိုင်း ကျောင်းသူအဆောင်များအဖြစ် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သထင်းစဉ်)**

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက်အများစု ဒုတိယနေ့အစည်းအဝေးတွင် သဘောတူညီမှုရရှိ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် ဩဂုတ် ၁၆ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆက်လက်တွေ့ဆုံဆွေးနွေးရာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတွင် ပါဝင်သောအဓိကကွဲလွဲချက် အများစု သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

"မနေ့က မပြီးပြတ်သေးတဲ့ အခန်း ၃၊ ၄ မှာပါတဲ့ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့တယ်။ အခုဆွေးနွေးပြီးတဲ့အချိန်မှာ စကားလုံးအရ အနည်းငယ်ပြင်ဆင်ဖို့လိုအပ်တဲ့အချက်တွေကလွဲရင် အားလုံးကသဘောတူပြီး ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်တွေက နှစ်ဖက်စလုံးကသဘောတူတားပြီး ဖြစ်လို့ ကျန်တာနည်းနည်းက ညှိနှိုင်းဖို့ မခက်ခဲလောက်တော့ဘူး။ အပြီးသတ်လနီးပါးဖြစ်နေပါပြီ" ဟု MPC ၏ အတူးအကြီပေး ဦးလှမောင်ရွှေက ပြောကြားသည်။

စာချုပ်မူကြမ်းတွင် ပါဝင်သည့် အဓိကအချက်များဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲရရှိသည့် ရလဒ်များဖြင့် အကောင်အထည်ဖော် ထည်ဆောက်သွားရန်၊ ပြည်ထောင်စုထပ်မတော်ဖွဲ့စည်းရေးကိစ္စကို နိုင်ငံရေးတွေ့ဆုံပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်၊ နိုင်ငံရေးပြဿနာနှင့် ထက်နက်ကိုင်ပဋိပက္ခ ကိစ္စများကို စစ်ရေးအရဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်း၍ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ရန်၊ ထက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်သွားရန် စသည့် အချက်များအပါအဝင် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းတွင် ပါဝင်သောအဓိကကွဲလွဲချက်အများစုကို နှစ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သဘောတူညီမှု ရရှိခဲ့ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုများအားအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ အာမခံချက်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဗဟိုဌာနမှ သိရသည်။

နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်စာချုပ်အချောသပ်နိုင်ရေးအတွက် ဒုတိယနေ့ဆွေးနွေးပွဲအဖြစ် ဆက်လက်ကျင်းပသည့် ယနေ့အစည်းအဝေးသည် ပြည်တောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ ပဥ္စမအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ အစည်းအဝေးဒုတိယနေ့အပြီး ညနေပိုင်းတွင် မီဒီယာတွေ့ဆုံပွဲတစ်ခုပြုလုပ်ခဲ့သည်။

အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးရန်ကျန်ရှိနေသေးသည့် အခန်း ၅၊ ၆၊ ၇ အား ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံး စောင့်မျှော်နေသော အပစ်အခတ်ရပ်စဲရေးသည် အဓိကဆွေးနွေးရန်ကျန်ရှိသည့် အခန်း(၇)ကို ဆွေးနွေးပြီးပါက နီးကပ်လာပြီဖြစ်ကြောင်း NCCT အဖွဲ့ ဒုတိယခေါင်းဆောင် ပဒိုစောကွယ်တူးဝင်းက မီဒီယာများနှင့်တွေ့ဆုံပွဲတွင် သုံးသပ်ပြောကြားခဲ့သည်။

ရဲခေါင်၊ နန္ဒာ

အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါ တံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အရာထမ်း စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်ခြင်း (Third Wave) အရာထမ်း စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) အဖြစ် တိတိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝရန် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအပိုင်းအနေဖြင့် လက်တွေ့အသုံးချနိုင်သည့် ပိုင်းခြားဝေဖန်စဉ်းစားမှုရလဒ်၊ အခြေခံစီမံခန့်ခွဲမှု၊ လိုက်လျောညီထွေခေါင်းဆောင်မှု အပြောင်းအလဲ၏သဘောသဘာဝ၊ လူအချင်းချင်းကြား ဆက်သွယ်ဆက်ဆံရေးစသည့် အတွေးအခေါ်ပိုင်းဆိုင်ရာများကို တျယ်တျယ်ပြန့်ပြန့်သိရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်းများကို နားလည်ကာ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တစိုက်မတ်မတ်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်းမှ အငြိမ်းစားဝန်ထမ်းများနှင့် ဗဟိုဖွံ့ဖြိုးမှုအဖွဲ့ (MDRI) မှ ဆရာ ဆရာမများအား တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများမှ အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူ ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၆

ရတနာပုံဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီခွဲက မကွေးမြို့ မြန်မာ့မီးရထားဧည့်ရိပ်သာခန်းမ၌ မကွေးတိုင်းဒေသကြီးမှ မြန်မာ့မီးရထား ပို့ဆောင်ရေးစီမံတန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသည့် ပထမအဆင့်နှင့် ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုများအပေါ် အားသာချက်၊ အားနည်းချက်များကိုလေ့လာသုံးသပ်ပြီး ယခု တတိယအဆင့်အနေဖြင့် ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ခြေဝန်ထမ်းအဆင့်အထိ သိရှိနားလည်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများအားလုံးက မိမိဆောင်ရွက်ရမည့်လုပ်ငန်းများအပေါ် တာဝန်သိမှု၊ တာဝန်ယူမှု၊ အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူနှင့်တိုက်ရိုက်တွေ့ဆက်ဆံရသော မိမိတို့ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှဝန်ထမ်းများသည် မြည်သူလူထုမနှစ်မြို့၊ မလိုလားသော လုပ်ရပ်များကိုရှောင်ရှားပြီး ပြည်သူများလိုလားနှစ်သက်သော လုပ်ရပ်များကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏လူမှုစီးပွားရေးဘဝ အပြန်ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘိန်းအစားထိုးသီးနှံ အခမဲ့ဖြန့်ဝေ

သီပေါ ဩဂုတ် ၁၆

ဘိန်းအစားထိုးသီးနှံ နှစ်ရှည်ပျိုးပင်များကို တောင်သူများအား ဖြန့်ဝေခြင်းကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ရမ်းမြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်နိုင်က ဘိန်းအစားထိုးနှစ်ရှည်ပျိုးပင်အခမဲ့ဖြန့်ဝေခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား နှစ်ရှည်ပျိုးပင်မက္ကဒေးမီးယားပင်များ ပေးအပ်သည်။ ဘိန်းအစားထိုး နှစ်ရှည်ပင်များကို တစ်မြို့နယ်လျှင် ၁၃ ဒသမ ၅၀ ဧကအတွက် အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ရာ ကျေးရွာအုပ်စု ၁၃ စု ကို အခမဲ့ဖြန့်ဝေပေးသည်။ **စိုင်း(သီပေါ)**

နိုင်ငံတကာသတင်း

လူသားချင်းစာနာမှုဆိုင်ရာယာဉ်တန်း စစ်ရေးအသုံးချမည်မဟုတ်ဟု ရုရှားက အမေရိကန်အား အခိုင်အမာပြောဆို

(ဘီဘီစီ)

မော်စကို ဩဂုတ် ၁၆

ယူကရိန်းသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီယာဉ်တန်း စေလွှတ်ခြင်းမှာ စစ်ရေးတွင် ပါဝင်ခြင်း မဟုတ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက အမေရိကန်ကာကွယ်ရေးဝန်ကြီးအား အခိုင်အမာပြောဆိုလိုက်သည်။

အဆိုပါယာဉ်တန်းကို စစ်ရေးအရ ပါဝင်ရန်စေလွှတ်ခြင်းမဟုတ်ကြောင်း ဆာဂေးရှိုဂုက ချတ်ဟေဂယ်အား ပြောကြားလိုက်သည်။

၎င်းယာဉ်တန်းကို ရုရှားလိုလားသော ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသော ယူကရိန်းအရှေ့ပိုင်းရှိ မြို့များသို့ ဦးတည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ယူကရိန်းနယ်စပ်၌ပင် ရှိနေဆဲဖြစ်သည်။

ရုရှားသံချပ်ကာယာဉ်များ နယ်စပ်ဖြတ်ကျော်လာသည်ဟု ယူကရိန်းတို့၏ ပြောဆိုချက်အပေါ် စောစောပိုင်းတွင် ရုရှားက ငြင်းဆိုလိုက်သည်။

အဆိုပါယာဉ်တန်းတွင် ရုရှားတပ်ဖွဲ့ဝင်များ ပါမည်မဟုတ်သလို စစ်ရေးအတွက် အသုံးချလိမ့်မည်လည်း မဟုတ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောသည်။ ယူကရိန်းတို့အနေဖြင့် နယ်စပ်သို့ ဝင်ရောက်လာသော ရုရှားယာဉ်တန်းကို စစ်ဆေးမည်ဖြစ်ကြောင်း၊ ၎င်း၏နယ်ခြားစောင့်တပ်များက ယာဉ်တန်းကို ဖြတ်သန်းခွင့်ပြုမည် မပြုမည်ကို မသိသေးကြောင်း ယူကရိန်းတို့က အခိုင်အမာပြောကြားသည်။

(ဘီဘီစီ)

အပစ်အခတ်ရပ်စဲရေး အစ္စရေးချိုးဖောက်ဟု ပါလက်စတိုင်းစွပ်စွဲ

ဂါဇာ ဩဂုတ် ၁၆

အစ္စရေးတို့အနေဖြင့် ကြာသပတေးနေ့က စတင်ခဲ့သည့် အပစ်အခတ်ရပ်စဲမှုကို နယ်စပ်ဖြတ်ကျော်တိုက်ခိုက်ခြင်းဖြင့် ချိုးဖောက်နေကြောင်း ဂါဇာရှိ ပါလက်စတိုင်းပြည်ထဲရေးဝန်ကြီးဌာနက စွပ်စွဲပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှု မရှိခဲ့ပါကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ခြေသည်။ အစ္စရေးတပ်များသည် ခမ်းယူနစ်မြို့အရှေ့ပိုင်းနေအိမ်များကို ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ဟားမားစ်စစ်သွေးကြွများ အုပ်ချုပ်နေသည့် ပါလက်စတိုင်းဝန်ကြီးဌာနက ပြောသည်။

ယခင်အပစ်အခတ်ရပ်စဲမှု သက်တမ်းကုန်ဆုံးပြီးနောက် ကြာသပတေးနေ့က ငါးရက်ကြာအပစ်အခတ်ရပ်စဲရေးကို စတင်ခဲ့သည်။ တစ်လကျော်တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၁၉၄၅ ဦး သေဆုံးခဲ့သည်။ ယင်းတို့အနက် သေဆုံးသူ အများစုမှာ အရပ်သားများဖြစ်ကြပြီး အစ္စရေးတို့ဘက်မှ တိုက်ပွဲဝင်စစ်သည် ၆၄ ဦးနှင့် အရပ်သားသုံးဦး သေဆုံးခဲ့သည်။

(ရိုက်တာ)

ရုရှားသံချပ်ကာယာဉ်တန်း ယူကရိန်းဖျက်ဆီးဟုဆို

ကီယက်ဗ် ဩဂုတ် ၁၆

ယူကရိန်းအမြောက်တပ်သည် ယမန်နေ့ညက မိမိနိုင်ငံအတွင်း ဝင်ရောက်လာသော ရုရှားသံချပ်ကာ ယာဉ်တန်းကို ဖျက်ဆီးလိုက်ကြောင်း ယူကရိန်းတို့က ပြောသည်။ ရုရှားအစိုးရကမူ ယူကရိန်းနိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည်ဆိုခြင်းကို ငြင်းဆိုထားသည်။

ကီယက်ဗ်အစိုးရအနေဖြင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများအား ပေးပို့သည့် အကူအညီယာဉ်တန်းကို ဖျက်ဆီးရန် ကြိုးစားနေကြောင်း မော်စကိုက စွပ်စွဲလိုက်သည်။ ယူကရိန်းနိုင်ငံအတွင်း ရုရှားတို့၏ ကျူးကျော်ဝင်ရောက်မှုသည် အပြန်အလှန်ကာကွယ်ရေးစာချုပ်ကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းအတွက် မော်စကိုသည် စိုးရိမ်စရာဖြစ်လာကြောင်း နေတိုးအဖွဲ့က ပြောကြားလိုက်သည်။ သို့ရာတွင် ရုရှားတပ်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့မှုအပေါ် အိမ်ဖြူတော်က အတည်ပြုပြောကြားခြင်းမရှိသေးပေ။ ကီယက်ဗ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ မည်သည့်ကျူးကျော်မှုမျှ ဝင်ခွင့်မရှိပါကြောင်းဖြင့်လည်း အိမ်ဖြူတော်က သတိပေးပြောကြားလိုက်သည်။

(ရိုက်တာ)

အီရတ်မြောက်ပိုင်း၌ အိုင်ဆစ်သူပုန်များက ကျေးရွာသားများကို အစုအပြုံလိုက်သတ်ဖြတ်ပြီး အမျိုးသမီးနှင့်ကလေးများကို ပြန်ပေးဆွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်နိုင်ငံမြောက်ပိုင်းမှ စစ်သွေးကြွများသည် ကျေးရွာတစ်ရွာမှ ရာဇဒီအမျိုးသား အနည်းဆုံး ၈၀ ကို အစုအပြုံလိုက်သတ်ဖြတ်လိုက်ပြီး အမျိုးသမီးများနှင့် ကလေးများကို ပြန်ပေးဆွဲသွားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

(အိုင်ဆစ်) တိုက်ခိုက်ရေးသမားများသည် ဆင်ဂျာတောင်မှ မိုင် ၃၀ အကွာ ကိုချောအရပ်သို့ သောကြာနေ့ မွန်းလွဲပိုင်းက ဝင်ရောက်လာခဲ့သည်။ အဆိုပါ စစ်သွေးကြွအုပ်စုသည် ဆွန်နီမဟုတ်သော မွတ်စလင်များအား တိုက်ခိုက်နေမှုကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက ဝေဖန်လျက်ရှိသည်။

နယူးယောက်ရှိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အိုင်ဆစ်အဖွဲ့ဝင်များအား အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းလိုက်သည်။ အဆိုပါ စစ်သွေးကြွများသည် ကော်ဂျိုကျေးရွာရှိ အရပ်သားများကို တိုက်ခိုက်နေသည်ဆိုသော သတင်းကို ကာဒစ်တပ်ဖွဲ့ဝင်များထံမှ သတင်းလက်ခံရရှိပြီးနောက် သောကြာနေ့ နံနက်ပိုင်းက ဆင်ဂျာတောင်အနီး အိုင်ဆစ်တိုပိုင်ဆိုင်သော မော်တော်ယာဉ်နှစ်စီးကို ဒုံးကျည်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တို့က ပြောသည်။

ကာဒစ်တာဝန်ရှိသူများက ဝါရှင်တန်အခြေစိုက် ရာဇဒီတက်ကြွလုပ်ရှားသူများ သတင်းထုတ်ပြန်ခဲ့အပြီး ကိုချောဒေသကို အတိုက်ခံရကြောင်း အတည်ပြုပြောကြားသည်။

"သူတို့ မော်တော်ယာဉ်တွေနဲ့ ရောက်ရှိလာပြီး ဒီကနေ့ မွန်းလွဲပိုင်းကပဲ သတိဖြတ်တဲ့အလုပ်ကို စတင်ပါတယ်"ဟု ကာဒစ်ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဟိုရီးယားရာဇဒီက ရိုက်တာသတင်း အေဂျင်စီသို့ သောကြာနေ့တွင် ပြောသည်။

(ဘီဘီစီ)

အစ္စလမ္မာဘတ်မြို့၌ ဆန္ဒပြမှုဖြစ်ပွား

အစ္စလမ္မာဘတ် ဩဂုတ် ၁၆

အတိုက်အခံနိုင်ငံရေးသမား အမ်ရမ်ခမ်းခေါင်းဆောင်သည့် ရာပေါင်းများစွာသော ဆန္ဒပြသူများသည် လာဟိုးမှ အစ္စလမ္မာဘတ်အထိ စုဝေးလှည့်လည် ဆန္ဒပြမှုပြုလုပ်ခဲ့သည်။ မစ္စတာ ခမ်းသည် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲကို မမှန်မကန်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲကာ ဝန်ကြီးချုပ်နာဝပ်ရှရစ်ကို ဖြုတ်ချရန် တောင်းဆိုခဲ့သည်။ အဆိုပါနှစ် ရွေးကောက်ပွဲ၌ အရပ်သားအစိုးရက ပထမဆုံး အာဏာလွှဲပြောင်းရယူခဲ့သည်။

ဆိုးရွားသော ရာသီဥတုကြားက ဆန္ဒပြသူများသည် ကားမျိုးစုံဖြင့် လာဟိုးမှ အစ္စလမ္မာဘတ်သို့ ချီတက်လာရာ အစ္စလမ္မာဘတ်၌ လုံခြုံရေးများ တိုးမြှင့်ချထားခဲ့သည်။ မစ္စတာ ခမ်းသည် ပါကစ္စတန် Tehreek-e-Insaaf ပါတီခေါင်းဆောင်ဖြစ်သည်။ အစိုးရသစ်သည် ရွေးကောက်ပွဲကို ပြန်လည်စစ်ဆေးရန် ပျက်ကွက်ခဲ့သည်ကို အကြောင်းပြု၍ လိမ်လည်သည်ဟုဆိုကာ ၎င်းအစိုးရသည် တရားမဝင်ကြောင်း မစ္စတာခမ်းက ပြောခဲ့သည်။

(ရိုက်တာ)

နိုင်ဂျီးရီးယား ရွာသား ၅၀ ကျော် ဘိုကိုဟာရမ်တို့၏ ပြန်ပေးဆွဲခံရ

နိုင်ဂျီးရီးယား ဩဂုတ် ၁၆

နိုင်ဂျီးရီးယားရွာတစ်ရွာကို ဘိုကိုဟာရမ်စစ်သွေးကြွများဟု ယူဆရသူများက ဝင်ရောက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပြည်သူ ၅၀ ထက်မနည်း ပျောက်ဆုံးနေကြောင်း ရွာသားများက ပြောခဲ့သည်။

ဒိုရွန်ဘာဂါရွာကို တနင်္ဂနွေနေ့က စီးနင်း တိုက်ခိုက်မှု၌ ၂၆ ဦး သေဆုံးခဲ့သည်ဟု မျက်မြင်သက်သေတစ်ဦးက ဘီဘီစီသို့ ပြောခဲ့သည်။ ယခုနှစ်များအတွင်း နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ် အစ္စလာမ့်အုပ်စုများက တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

၎င်းတို့၏ ပြီးခဲ့သည့်ဧပြီလက ဘော်နိုပြည်နယ်ထိန်းချုပ်ဒေသရှိ ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲမှုသည် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ရက်စက်မှုဖြစ်ခဲ့သည်။ တိုက်ခိုက်မှုများ၌ ၎င်းတို့ဖမ်းဆီးခဲ့သည့် အရေအတွက်ကို တိတိကျကျ မသိရသေးပေ။

ရွာသားအချို့က တိုက်ခိုက်သူများကို ပြန်လည်တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း စီးနင်းတိုက်ခိုက်မှုကို ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ စစ်သွေးကြွများသည် အိမ်များကို မီးရှို့ခဲ့ရာ ရွာသား ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့သည် အမျိုးသမီးများကို အဓိကဖမ်းဆီးသော်လည်း ယောကျ်ားလေးများနှင့် မိန်းကလေးငယ်များလည်း ပါဝင်ကြောင်း ရွာသားတစ်ဦးက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများ၌ လူငယ်များက ဘိုကိုဟာရမ် စစ်သွေးကြွများကို ပြန်လည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အသက်ရှင်ကျန်ရစ်သူအချို့က ဆိုသည်။

(ဘီဘီစီ)

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ အစည်းအဝေး(၁/၂၀၁၄) ကို ဩဂုတ် ၁၃ ရက်က တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားခြင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းထွန်းက မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ရေ့လုပ်ငန်းအစီအစဉ် များ တင်ပြဆွေးနွေးခြင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး (ပထမတန်း) ဒုတိယ ရဲမှူးကြီးလှိုင်တင့်က မူးယစ် ဆေးဝါး ဖမ်းဆီးရမိမှုများကို ရှင်းလင်းတင်ပြခြင်း၊ မူးယစ်တပ်ဖွဲ့ ခွဲ(၂) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က ပြည်နယ်မူးယစ်

ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ဘိန်းစိုက်ပျိုး မှုအခြေအနေများနှင့် ဘိန်းခင်း ပူးပေါင်းတိုင်းတာမှုများ၊ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေး နည်း ဗျူဟာများနှင့် နည်းဥပဒေ ၂၀ တွင်ပါရှိသည့်ပြည်သူလူထု၏လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြခဲ့သည်။

အကြံပြု

အစည်းအဝေးသို့ ပြည်နယ် ဥပဒေအရာရှိ ပြည်နယ်ကျန်းမာရေး မှူး၊ ပြည်နယ်ပညာရေးမှူးနှင့် ဌာန ဆိုင်ရာအကြီးအကဲများ၊ MANA နှင့် UNODC တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို မိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဆေးကုသရေး၊ ပညာပေး ရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေး၊ မြည်သူများ ပူးပေါင်းပါဝင်ရေး၊ ပြည်သူလူထုအတွင်း လူငယ်အဖွဲ့ အစည်းများဖွဲ့စည်း၍ စည်းရုံး ဆောင်ရွက်ရေးတို့ကို အကြံပြု ဆွေးနွေး တင်ပြကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆိုင်ကယ်မောင်းနှင်လာသူနှင့်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မော်လမြိုင် ဩဂုတ် ၁၆

မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရာဖွေဖမ်းဆီးခဲ့ရာ ဆိုင်ကယ် မောင်းနှင်လာသူနှစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ည ၈ နာရီခွဲက ရေးမြို့မရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင်ဒုရဲအုပ် ကျော်သက်ခိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများ နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ရေးမြို့ သီရိနန္ဒာ/အဏ္ဏဝါရပ်ကွက် တနင်္သာရီလမ်းမကြီး ဘီအိုစီဆိုင်ရှေ့၌ စောင့်ဆိုင်းနေစဉ် ရေးမြို့ ရန်ကြီး အောင်ရပ်ကွက် ဘုရင့်နောင်လမ်း အမှတ် (၃)နေ ဘိုဘိုဟိန်းထက် (၂၃နှစ်) မောင်းနှင်ပြီး ဆိုင်ကယ်နောက်တွင် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် စစ်တောင်း လမ်း အမှတ် (၄၁)နေ အောင်မိုးသူ (၁၉ နှစ်) စီးနင်းလိုက်ပါလာသည် ဝေ့ဖ် ၁၁၀ အမျိုးအစား ဖြူ /မည်းရောင် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူ အောင်မိုးသူဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ EURO စီးကရက်ဘူးခွံအတွင်းထည့်ထားသော Panasonic ဓာတ်ခဲသံခွံအတွင်း၌ ပလတ်စတစ်ဖြင့် ထုပ်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြား(ဒေသတန်ဖိုး တစ်ပြားလျှင် ၅၀၀၀ ကျပ်နှုန်း) တန်ဖိုး ငွေကျပ် ၉၀၀၀၀ ကို ရာဖွေတွေ့ရှိခဲ့သဖြင့် သက်သေများရှေ့တွင် ရာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ အောင်မိုးသူနှင့် ဘိုဘိုတိန်းထက်တို့ကို စစ်ဆေးမေးမြန်းရာ အဆိုပါ မူးယစ်ဆေးပြားများကို ရေးမြို့နယ် ကျုံလောင်း ရွာဟောင်းနေ မင်းမင်းဦး (ခ) မင်းမင်း (၂၅ နှစ်)ထံမှ ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူလာစဉ် လမ်း၌ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ အမှုကို ရေးမြို့မရဲစခန်းက အမှုဖွင့်၍ ကွင်းဆက်ဖော်ထုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သိန်းလှိုင်(မော်လမြိုင်)**

မြဝတီ၊ မုံရွာ၊ မြစ်ကြီးနားတို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မခိုင် (ခ) အနော်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့မြင်ရစဉ်။

နေပြည်တော် ဩဂုတ် ၁၆

ဩဂုတ် ၁၄ ရက်က မြဝတီခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် အလိုတော်ပြည်(၁) လမ်းနေ မခိုင်၏နေအိမ်ကို ရှာဖွေရာ နေအိမ် အိပ်ခန်းထောင့်ရှိ ဗီရို အတွင်းမှ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၊ အိုက်စ် ၅ ဒသမ ၅ ဂရမ်နှင့် မြန်မာငွေကျပ်ငါးသိန်း သိမ်းဆည်းရမိ ခဲ့၍ မခိုင်(ခ)အနော(၄၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အမှုဖွင့်အရေးယူထားရှိသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၈) မုံရွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက်က မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မြတ်သုခတည်းခိုခန်းသို့ ရောက်ရှိ လာသူ ဌေးလွင်ဦးကို ရှာဖွေရာ ၎င်း၏ ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၉၅ ပြား သိမ်းဆည်း ရမိသဖြင့် ဌေးလွင်ဦး (၂၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အမှုဖွင့်အရေးယူထားသည်။

ထို့အပြင် မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနား မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သည် ဩဂုတ် ၁၄ ရက်က ဝိုင်းမော် မြို့နယ် ဝိုင်းမော်-ဝါရောင်သွား လမ်းပေါ်တွင် မဘောက်နူး မောင်းနှင်

မဘောက်နူးနှင့် မခေါန်ဘူတို့အား သိမ်းဆည်းရမိ မူးယစ် ဆေးဝါး များနှင့်အတူ တွေ့မြင်ရစဉ်။

ဌေး လွင် ဦး အား သိမ်းဆည်း ရမိ မူးယစ်ဆေးဝါး များနှင့်အတူ တွေ့ မြင်ရစဉ်။

ပြီး မခေါန်ဘူ လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ် ဘူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၅၈၂ ပြား သိမ်းဆည်းရမိခဲ့၍ မဘောက်နူး (၃၆ နှစ်)နှင့် မခေါန်ဘူ (၄၈ နှစ်) တို့ နှစ်ဦးကို မူးယစ် ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများ ဆိုင်ရာဥပဒေ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးသည် သင့်ဦးနှောက်ကို ပျက်စီးစေသည်သာမက သင့်မိသားစုဘဝကိုပါ ပျက်စီးစေသည်ကို သတိပြုပါ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အာမေဍိတ်စကားလုံးများ

မောင်ခင်မင်(ဓနုဖြူ)

"အလို့ . . တူတော်မောင် စောစောစီးစီးပါလားဟေ့"

တစ်လတစ်ကြိမ်လာနေကျဖြစ်သော တူတော်မောင် နံနက်စောစောစီးစီး အိမ်ရောက်လာသည်အတွက် ကျွန်တော် အံ့ဩသွားပါသည်။

"ခရီးဆက်စရာကလေးရှိနေလို့ ဦးဆီစောစောဝင်လာတာပါ. . . ဦး"

"ဟုတ်ပါပြီ။ ဒီတစ်ခါရော ဘာမေးစရာတွေပါလာသေးသလဲ"

" ဒီတစ်ခါမမေးတော့ဘူးလို့နေတာ။ ခုနက ဦးကျွန်တော့်ကို နှုတ်ဆက်တဲ့စကားကြားရတော့ မေးစရာပေါ်လာတာပါဦး"

"ဟေ . . . ဟုတ်လား၊ ဘာများပါလိမ့်"

"ဟော . . . ပြောရင်းဆိုရင်း မေးစရာနှစ်ခုဖြစ်သွားပြီဦး။ ဦးက စကားစချင်း 'အလို' လို့ စလိုက်တယ်မဟုတ်လား။ အဲဒီ 'အလို' အကြောင်းမေးမလို့ စဉ်းစားနေတုန်း ဦးက 'ဟေ . . ဟုတ်လား'လို့ တပ်ပြောတော့ အဲဒီ 'ဟေ' အကြောင်းပါ မေးစရာပေါ်လာတာပေါ့ဦးရဲ့"

"ဒီလိုဆိုရင် ခုနမင်းပြောတဲ့ 'ဟော . . . ပြောရင်းဆိုရင်း' ဆိုတဲ့ 'ဟော' အကြောင်းလည်း ပါမယ်တင်တယ်"

"ဟုတ်ပါတယ်ဦး။ ကျွန်တော်တို့ စကားပြောရင်'အလို' တို၊ 'ဟေ' တို၊ 'ဟော' တို့လိုစကားတွေ ပါပါလာတတ်တာ ဘာကြောင့်လဲဦး၊ အခေါ်ဟယ် ကရော ဘာပါလဲဦး။ အဲဒါ သိချင်တာပါ"

"အဲဒီလိုစကားမျိုးတွေကို ဘယ်လိုခေါ်သလဲကွဲ့။ ကျောင်းမှာ မြန်မာသဒ္ဒါသင်ရတုန်းက အဲဒီစကားမျိုးတွေအကြောင်း မင်း သင်ရပါတယ်"

"ဟုတ်ကဲ့၊ အာမေဍိတ်လို့ခေါ်ပါတယ်"

"အေး . . . အာမေဍိတ်ဆိုတာ ပါဠိကို မြန်မာမှုပြုထားတဲ့ စကားပေါ့ကွာ။ ဝမ်းသာတာတို့၊ အံ့ဩတာတို့၊ ထိတ်လန့်တာတို့ အဲဒီလို ခံစားမှုတစ်ခုခုကြောင့် ပါးစပ်က ရုတ်တရက်ထွက်လာတဲ့ အသံကို ခေါ်တာပါပဲ"

"ဒါဆိုရင် ခုန'အလို' လို့ ဦးပြောလိုက်တာ မမျှော်လင့်ဘဲ ကျွန်တော် ရုတ်တရက်ရောက်လာလို့ အံ့ဩပြီး ထွက်လာတဲ့ အသံပေါ့နော်"

"အေး . . ဟုတ်တယ်။ 'အလိုလေး'၊ 'အလိုလေးလေး' ဆိုပြီး အံ့ဩတဲ့ ခံစားမှုအလိုက် အသံတွတ်တတ်သေးတယ်"

"အား လို့အော်လိုက်တာက ရုတ်တရက်လန့်သွားလို့ပေါ့နော်. . ဦး"

"အေး . . တစ်ခုခုနဲ့ ခိုက်မိလို့ နာသွားတာတို့၊ လန့်သွားတာတို့ဆိုရင် 'အား'လို့ အော်တတ်တာပဲ။ 'အမယ်လေး'တို့ 'အောင်မယ်လေး'တို့လည်း ထွက်တတ်တယ်"

" 'အမယ်'ဆိုတာကလည်း အံ့ဩတာတို့ သဘောမကျတာတို့ကြောင့်" ထွက်လာတဲ့ အသံပေါ့ နော်ဦး"

" 'အောင်မယ်'တို့ 'အောင်မာ'တို့လည်း ထွက်ပါတယ်။ 'အေး' ဆိုတာ

> "အာမေဍိတ်ဆိုတာ ပါဠိကို မြန်မာမှုပြုထားတဲ့ စကားပေါ့၊ ဝမ်းသာတာတို့၊ အံ့ဩတာတို့၊ ထိတ်လန့်တာတို့ အဲဒီလို ခံစားမှုတစ်ခုခုကြောင့် ပါးစပ်က ရုတ်တရက် ထွက်လာတဲ့ အသံကို ခေါ်တာ"

ကတော့ သဘောတူလို့ ရေ့တ စကားခံလိုက်တာမျိုးပေါ့။ 'အင်း' လို့လည်း ထွက်ပါတယ်။ အဲဒီလို 'အ' ပါတဲ့ အာမေဍိတ်တွေရှိသေးတယ်။ 'အို' တို့ 'အိုး'တို့ 'ဩော်'တို့ 'ဩ'တို့ပေါ့။ ဘယ်လိုခံစားမှုလဲဆိုတာတော့ မင်းဟာမင်းစဉ်းစားကြည့်ပေါ့ကွာ"

" ဟုတ်ကဲ့ပါ။ ခုန ဦးနဲ့ကျွန်တော်နဲ့ပြောတဲ့ 'ဟေ'တို့'ဟော'တို့လို ' ဟ' ပါတဲ့ အာမေဍိတ်တွေရှိသေးသလားဦး"

"ရှိတာပေါ့။ 'ဟ-ဖြစ်ပါမလား'၊ 'ဟာ-ဒုက္ခပါပဲ၊ 'ဟေ့-ဘယ်ကလာသလဲ၊ ဟဲ့-ဘယ်လိုဖြစ်နေတာလဲ၊ ဟင်-ဟုတ်ရဲ့လား၊ 'ဟိုက်-အကျိုးနည်းပါပြီ' ဆိုတဲ့ စကားတွေမှာ အာမေဍိတ်သုံးပုံတွေကို သိနိုင်ပါတယ်ကွာ"

" 'ကဲ . . ငါမပြောဘူးလား'၊ 'ကိုင်း. . သွားကြစို့' ဆိုတဲ့စကားတွေမှာလည်း 'ကဲ' နဲ့ 'ကိုင်း' ဟာ အာမေဍိတ်တွေပေါ့နော် ဦး"

"ဟုတ်တယ်။ သတိရလာလို့ပြောရဦးမယ်။ တစ်ချိန်က တင်ရှားတဲ့ ဆရာဝန်စာရေးဆရာမောင်သင်ရဲ့ ဝတ္ထုတွေမှာ အာမေဍိတ်တစ်လုံးကို မကြာခဏသုံးတယ်။ မင်းသိလား"

"မသိပါဘူးဦး"

"ရှီးတဲ့၊ စိတ်မောမောနဲ့ ထွက်လာတဲ့အသံပေါ့ကွာ"

"မှတ်ထားပါမယ်ဦး"

"ရေးက ပြဇာတ်တွေမှာသုံးတဲ့ အာမေဍိတ်တစ်ခုက 'ရော' တဲ့။ 'ရော သည်တစ်ခါ ငါမှဆိုး၊ သားမျိုးကို ရှာတော့မည်'ဆိုတာမျိုးပေါ့။ ခုခေတ်မှာလည်း 'ရော. . ခက်နေပါပြီ' ဆိုတာမျိုးသုံးပါတယ်"

"ဟုတ်ကဲ့ပါ"

"ရေးစာတွေထဲမှာ ဒေါသနဲ့ကြိမ်းမောင်းတဲ့ အာမေဍိတ်တစ်ခုလည်းရှိတယ်။ 'သယ်' တဲ့။ 'သယ်ဟယ်ဟယ်' လို့လည်း ကြိမ်းတယ်။ 'သယ်- နင်က ငါ့ကိုဘာတင်သတုံး' ဆိုတာမျိုးလည်းပြောတယ်။ တစ်ယောက်က 'သယ်' လို့ကြိမ်းရင် တစ်ယောက်က 'မသယ်နိုင်ရင် ပုံတား'လို့ လူရွှင်တော်တွေ ဟာသလုပ်တတ်သေးတယ်ကွ။ 'တယ်. . . ငါလုပ်လိုက်ရ' ဆိုတာမျိုးလည်း သုံးတယ်"

" 'ဘုရား ဘုရား' လို့လည်း အသံထွက်တယ်နော်"

"အေး. . 'ဘုရား ဘုရား'တို့ 'အနိစ္စ'တို့ 'ဒုက္ခ ဒုက္ခ'တို့လည်း အထိတ်တလန့်ဖြစ်ရင် ညည်းတွားရင်း သုံးတာပေါ့"

"စိတ်ထဲမှာ မကျေမနပ်ဖြစ်ရင် 'တကတဲ'လို့ လည်း အသံထွက်တတ်တယ်။ 'တကတဲ- ပြစ်နေလိုက်တာ' ဆိုတာမျိုးပေါ့"

" အာမေဍိတ်တွေက တော်တော်စုံတာပဲနော်ဦး "

"ခုပြောခဲ့တဲ့အာမေဍိတ်တွေလို နောက်ကဘာစကားမှမပါဘဲ တစ်လုံးတည်းလည်း ကျင့်သုံးတယ်။ နောက်က စကားနဲ့တွဲပြီးလည်း သုံးတယ်မဟုတ်လား။ စိတ်ထဲကခံစားမှုကြောင့် 'အို၊ ဟာ၊ အမယ်လေး' ဆိုပြီး တစ်လုံးတည်းထွက်လာတာမျိုးရှိသလို 'အို- ခက်တော့တာပဲ၊ ဟာ- ဒီလိုမဟုတ်ပါဘူး' ဆိုတာမျိုးလည်း သုံးတယ်လေ"

"နားလည်ပါပြီ ဦး"

"အဲဒီလိုပဲ စကားရဲ့ နောက်ဆုံးကလိုက်သုံးတာတွေလည်း ရှိသေးတယ်ကွဲ့"

"ဘယ်လိုစကားတွေလဲ ဦး"

" 'ညည်းကလဲ အေ'၊ 'ဟုတ်တယ်အေ့' ဆိုတာမျိုး အမျိုးသမီးတွေပြောတယ်မဟုတ်လား။ 'အေ' တို 'အေ့' တို့ အသံထွက်လာတာပေါ့။ ကဲ အမျိုးသားတွေ သုံးရင်ရော ဘယ်လိုသုံးသလဲ။ မင်းသတိထားမိသလား"

" 'ခင်ဗျားကလဲဗျာ၊ ဟုတ်ပါတယ်ဗျ' ဆိုတာမျိုးသုံးတာပေါ့ ဦး"

"ဟုတ်တယ်။ 'ဗျို့၊ ဗျို ခင်ဗျာ' ဆိုတာတွေလည်း ပါတာပေါ့"

"အမျိုးသမီးတွေက 'ဟုတ်တယ်ရှင့်၊ မှန်ပါတယ်ရှင်' လို့လည်း သုံးတယ်နော်-ဦး"

" 'ဟုတ်တယ်တော်၊ ဟုတ်ပါတယ်တော့' ဆိုတာမျိုးလည်းသုံးတယ်လေ။ ကဲ- 'ဟ' ပါတဲ့ စကားတွေလည်း ရှိသေးတယ်။ မင်းပြောကြည့်စမ်း"

" 'လာပါ ဟ'၊ 'ဟုတ်တယ် ဟာ'၊ 'မဟုတ်ဘူးဟဲ့၊ 'နင်ကလည်း ဟယ်' ဆိုတာမျိုးတွေလား ဦး"

"မှန်ပါတယ်။ အဲဒီလိုပဲ၊ 'ကွဲ့'၊ 'ကွယ်'၊ 'ကွ'၊ 'ကွာ' တွေလည်းသုံးတယ်။ အမျိုးသားတွေ အသုံးများတာပေါ့။ 'ဘာကွ'၊ 'လာပါကွာ'၊ 'ဒီလိုကွဲ့'၊ 'မလုပ်ပါနဲ့ကွယ်'ဆိုတာမျိုးတွေပေါ့"

"ဟုတ်ကဲ့"

"ခံစားမှုကို လိုက်ပြီး အသုံးထွဲမှာပေါ့။ 'ကွ'တို့ 'ကွာ'တို့က လူကြီးက လူငယ်ကို ပြောတာမျိုး၊ အချင်းချင်း ရင်းရင်းနှီးနှီး ပြောတာမျိုးပေါ့။ 'ကွဲ့' နဲ့ 'ကွယ်' ကတော့ ချော့ချော့မော့မော့ ပြောတာမျိုးပေါ့ကွယ်"

"ဟုတ်တယ်နော် . . ဦး၊ တော်တော်စုံတာပဲ"

"နောက်တစ်မျိုးရှိသေးတယ်၊ 'ရ'ပါတဲ့ စကားတွေလေ"

"ပြောပြပါ-ဦး"

" 'ဒီလို သူငယ်ချင်းရ၊ ဘာရမလဲ သာဝရာ၊ ဟုတ်တယ်မမရဲ့၊ ညီမလေးရယ်၊ ကျော်ကျော်ရေခဏလာပါဦး' ဆိုတဲ့ စကားမျိုးတွေမှာ 'ရ၊ ရာ၊ ရဲ့၊ ရယ်၊ ရေ' ဆိုတဲ့ စကားတွေနဲ့ အဆုံးသတ်တယ်မဟုတ်လား"

" ဟုတ်ပါတယ် ဦး"

"ဒီတော့ ခြုံပြောရရင် ခုတိနှစ်ယောက်ပြောတဲ့စကားတွေဟာ စကားတစ်ခွန်းရဲ့ ရှေ့ဆုံးကသုံးရတာတွေလည်းရှိတယ်။ နောက်ဆုံးကသုံးရတာတွေလည်း ရှိတယ်။ အဲဒီစကားတွေဟာ ခံစားမှုတစ်ခုခုကြောင့် ပါးစပ်က ရုတ်တရက် ထွက်လာတဲ့စကားတွေမို့ နေ့စဉ် စကားပြောရာမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေတဲ့ စကားတွေပေါ့။ စကားပြောပုံအတိုင်းစာရေးရင် အဲဒီအာမေဍိတ်တွေပါလာတာ သဘာဝကျတာပေါ့ကွယ်"။ ။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းအတွက် ထောက်ခံချက်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဧပြီ ၂၅ ရက်စွဲပါ အမိန့်အမှတ်၊ ၃၇/၂၀၁၄ ဖြင့်ထုတ်ပြန်ခဲ့သည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခြင်း အမိန့်အရ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်များကို ပြည်တွင်းသို့ တင်သွင်းလိုသူများနှင့် ပြည်ပသို့တင်ပို့ရောင်းချလိုသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ထောက်ခံချက်ရယူပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ သွင်းကုန်ပို့ကုန် လိုင်စင်လျှောက်ထားရမည်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လေအေးပေးစက်နှင့် အအေးခန်းသုံးစွဲသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်-၂၂ {Hydrochlorofluorocarbon (HCFC)-22 (Refrigerant (R)-22} နှင့် ဆိုဖာရေမြှုပ်တွင်သုံးစွဲသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် -၁၄၁ ဘီ {Hydrochlorofluorocarbon (HCFC)-141b သို့မဟုတ် Refrigerant (R)-141b } ကို ပြည်တွင်းသို့တင်သွင်းခွင့်(သို့မဟုတ်) ပြည်ပသို့တင်ပို့ခွင့်အတွက် ထောက်ခံချက်နှင့်လုပ်ငန်းမှတ်ပုံတင်လျှောက်လွှာတို့ကို သတ်မှတ်ထားသောပုံစံများနှင့်အတူ လုပ်ငန်းလိုင်စင် invoice တို့နှင့်တကွ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃) နေပြည်တော်သို့ လျှောက်ထားနိုင်ပြီး သိရှိလိုသည့်အချက်များရှိပါက ဖုန်း ၀၆၇-၄၃၁၃၂၅ သို့ဆက်သွယ်မေးမြန်းနိုင်သည်။ အိုဇုန်းလွှာပျက်စီးသော ဒြပ်ပေါင်းပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်အပြည့်အစုံကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ website ဖြစ်သော www.ecd.gov.mm တွင်ကြည့်ရှုလေ့လာနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သီပေါ၌ အလုပ်ရုံဆွေးနွေး

သီပေါ ဩဂုတ် ၁၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဟိုတယ်လုပ်ငန်းရှင်များ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် မြို့နယ်စည်ပင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က သီပေါမြို့နယ်တွင် နိုင်ငံခြားခရီးသွားများ အများအပြားလာရောက်လည်ပတ်ကြသည့်အတွက် ၎င်းတို့၏လုံခြုံရေး၊ ကျန်းမာရေးကိစ္စရပ်များကိုလည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးကကူညီဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့ပေါ်ရှိ ဟိုတယ်အဆောက်အအုံများနှင့် ဟော်နန်းဟောင်း အဆောက်အအုံတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အားကစားပြိုင်ပွဲဖွင့်

မန္တလေး ဩဂုတ် ၁၆

တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီက အဆိုပါ တက္ကသိုလ် အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သန်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ အလုပ်သင်နှင့်ပေါင်းကူးအသင်းတို့က အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ယင်းနောက် ကွင်းအတွင်း နေရာယူထားကြသည့်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အမျိုးသား တတိယနှစ်အသင်းနှင့် ပေါင်းကူးအသင်းတို့မှ အားကစားသမားများအား ပါမောက္ခချုပ်က တစ်ဦးချင်းလိုက်လံနှုတ်ဆက်ပြီး ကွင်းအတွင်း ဘောလုံးကန်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲစတင်ယှဉ်ပြိုင်ခဲ့ရာ **(ယာပုံ)** တတိယနှစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ပေါင်းကူးအသင်းကို အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲအမျိုးသမီးပွဲစဉ်တွင် တတိယနှစ်အသင်းက အလုပ်သင်အသင်းတို့နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **တင်မောင်(မန္တလေး)**

ပညာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

အမျိုးသားပညာရေး ဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲနှင့် ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများ၊ တက္ကသိုလ်ပဋိညာဉ်စာတမ်း ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၇ ခုမှ ပါမောက္ခချုပ် ကျောင်းအုပ်ကြီးများ တက်ရောက် ကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းဆွေးနွေးပွဲ၌ အမျိုးသား ပညာရေးဥပဒေကြမ်းနှင့် ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများရေးဆွဲရေး ကိစ္စကိုလည်းကောင်း၊ တက္ကသိုလ် ပဋိညာဉ်တွင် ပညာရပ်ဆိုင်ရာ လွတ်လပ်မှု၊ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ လွတ်လပ်မှု၊ သင်ကြားရေးဝန်ထမ်းများ ခန့်ထားရေးဆိုင်ရာ လွတ်လပ်မှုတို့ကို ထည့်သွင်းရေးနှင့် ပတ်သက်၍လည်းကောင်း ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက ညှိနှိုင်းဆွေးနွေးကြသည်။

ဆထိလထ်၍ ရှုလုပ်ငန်းများ ပြန်ဆန်သွက်လက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်သိမှု တာဝန်ယူမှု အလေ့အကျင့်ကောင်းများမြင့်တင်ရေး၊ အိုင်စီတီကို သင်ကြားမှု သင်ယူမှုတွင် တွင်ကျယ်စွာအသုံးပြုရေး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ စာသင်ဆောင်များနှင့် ဆရာ ဆရာမဆောင်၊ ကျောင်းသား ကျောင်းသူဆောင်များတွင် ရေ၊ မီး ပြည့်စုံရေးနှင့် သန့်ရှင်းသပ်ရပ်ရေး၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအောင်မြင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ အသုံးလုံးလှုပ်ရှားမှု ရွှေရတုအကြိုဟောပြောဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၆

တက္ကသိုလ်-ကောလိပ်-သိပ္ပံပေါင်းစုံ အသုံးလုံး အဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အကြိုနှင့် နှစ်(၅၀)ပြည့် မြန်မာ့အသုံးလုံးလှုပ်ရှားမှု ရွှေရတုအကြို ဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြောဆွေးနွေးပွဲတွင် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဆရာဦးမျိုးသန့်က ၁၉၆၄ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တက္ကသိုလ်-ကောလိပ်-သိပ္ပံပေါင်းစုံ အသုံးလုံးကျောင်းသား ကျောင်းသူဟောင်းများအား ပြန်လည်စုစည်းပြီး စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ယခင်အဖွဲ့ဝင်ဟောင်းများ ပါဝင်ကြရန် ပြောကြားသည်။

ယင်းနောက် အဖွဲ့နာယက အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးသန်းဦးက အမှာစကား ပြောကြားပြီး သဘာပတိ ဆရာကြီး ဆရာမကြီးများဖြစ်သည့် ဦးသန်းထွန်း၊ ဒေါ်မြမြဝင်း၊ ဦးတင်ဝင်း (ခ)ပျဉ်းမနား မောင်နီသင်း၊ ဦးမောင်မောင်နှင့် ဦးလှမင်း(ပါမောက္ခ-မင်းခတု)တို့က အသုံးလုံးလုပ်ငန်းနှင့် ပတ်သက်၍ ဟောပြောကြကာ တက်ရောက်လာသူအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် တက္ကသိုလ်စင်ခွင့်လျှောက်ထားသူများ စဉ်းစားစရာ

ရန်ကုန် ဩဂုတ် ၁၆

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် မိမိစဉ်းစားထားသည့် တက္ကသိုလ်များ၊ မိမိလျှောက်ထားလိုသည့် တက္ကသိုလ်များနှင့် ဆန္ဒတူညီစွာ လျှောက်ထားနိုင်ရန်အတွက် ယမန်နှစ်က အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိခဲ့သော အနိမ့်ဆုံးအမှတ်များကို ဖော်ပြလိုက်ပါသည်။

ဆေးတက္ကသိုလ်အတွက် ကျောင်းသား ၄၈၆ မှတ်နှင့် ကျောင်းသူ ၅၀၅ မှတ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ၄၆၅ မှတ်နှင့် ကျောင်းသူ ၄၉၅ မှတ်၊ ဆေးဝါးတက္ကသိုလ်များ ကျောင်းသား၊ ကျောင်းသူ ၄၉၅ မှတ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ ကျောင်းသား ကျောင်းသူ ၄၅၂ မှတ်၊ သူနာပြုတက္ကသိုလ်များ ကျောင်းသား ၄၄၀ မှတ်နှင့် ကျောင်းသူ ၄၆၀ မှတ်၊ အခြေခံကျန်းမာရေး တက္ကသိုလ် ကျောင်းသား ၄၄၄ မှတ်နှင့် ကျောင်းသူ ၄၅၈ မှတ်၊ တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းသား ၄၁၅ မှတ်နှင့် ကျောင်းသူ ၄၂၆ မှတ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ကျောင်းသား ၄၇၇ မှတ်နှင့် ကျောင်းသူ ၄၈၁ မှတ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် ကျောင်းသား ၄၅၃ မှတ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (COE) ကျောင်းသား၊ ကျောင်းသူ ၄၈၀ မှတ်၊ မန္တလေးကွန်ပျူတာ တက္ကသိုလ် (COE) ကျောင်းသား ကျောင်းသူ ၄၈၀ မှတ်၊ ရန်ကုန် နည်းပညာတက္ကသိုလ် (COE) ကျောင်းသား ၅၀၂ မှတ်နှင့် ကျောင်းသူ ၄၉၆ မှတ်၊ မန္တလေးနည်းပညာတက္ကသိုလ် (COE)ကျောင်းသား ၄၈၄ မှတ်နှင့် ကျောင်းသူ ၄၉၃ မှတ်၊ နည်းပညာ တက္ကသိုလ် (ရတနာပုံဆိုက်ဘာ) ကျောင်းသား ၄၇၀ မှတ်နှင့် ကျောင်း သူ ၄၆၈ မှတ်၊ ကွန်ပျူတာတက္ကသိုလ်များ ကျောင်းသား ကျောင်းသူ ၃၆၅ မှတ်၊ နည်းပညာတက္ကသိုလ်များ ကျောင်းသား ၃၈၀ မှတ်နှင့် ကျောင်းသူ ၃၈၉ မှတ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၃၉၅ မှတ်၊ မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၃၅၀ မှတ်၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၃၆၄ မှတ်၊ ပညာရေးတက္ကသိုလ်များတွင် သိပ္ပံတွဲ၌ ကျောင်းသား ၄၅၅ မှတ်နှင့် ကျောင်းသူ ၄၇၆ မှတ်၊ ဝိဇ္ဇာ+သိပ္ပံတွဲ၌ ကျောင်းသား ၄၄၈ မှတ်နှင့် ကျောင်းသူ ၄၅၄ မှတ်နှင့် ဝိဇ္ဇာတွဲ၌ ကျောင်းသား ၄၀၁ မှတ်နှင့် ကျောင်းသူ ၄၁၁ မှတ်တို့ဖြစ်ကြသည်။

ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝင်ခွင့်လက်ခံမည့် လျာထားဦးရေမှာ ဆေးတက္ကသိုလ်ကျောင်းသား ၆၀၀ နှင့် ကျောင်းသူ ၆၀၀၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသား ၂၄၀ နှင့် ကျောင်းသူ ၆၀၊ ဆေးဝါး တက္ကသိုလ်များ ကျောင်းသား ကျောင်းသူ ၃၀၀၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ ကျောင်းသား ကျောင်းသူ ၃၀၀၊ သူနာပြုတက္ကသိုလ်များ ကျောင်းသား ၄၀ နှင့် ကျောင်းသူ ၃၆၀၊ အခြေခံကျန်းမာရေးတက္ကသိုလ် ကျောင်းသား ၁၂၀ နှင့် ကျောင်းသူ ၃၀၊ တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသား ၆၀ နှင့် ကျောင်းသူ ၉၀၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသား ၂၅၆ ဦးနှင့် ကျောင်းသူ ၆၄ ဦး၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ကျောင်းသား ၁၄၀၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် (COE) ကျောင်းသား ကျောင်းသူ ၂၀၀၊ မန္တလေးကွန်ပျူတာ တက္ကသိုလ် (COE) ကျောင်းသား ကျောင်းသူ ၂၀၀၊ ရန်ကုန်နည်းပညာ တက္ကသိုလ်(COE)ကျောင်းသား ၁၅၀ နှင့် ကျောင်းသူ ၁၅၀၊ မန္တလေး နည်းပညာတက္ကသိုလ် (COE) ကျောင်းသား ၁၅၀ နှင့် ကျောင်းသူ ၁၅၀၊ နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုက်ဘာ) ကျောင်းသား ၁၀၀ နှင့် ကျောင်းသူ ၁၀၀၊ ကွန်ပျူတာ တက္ကသိုလ်များ ကျောင်းသား ကျောင်းသူ ၃၂၈၀၊ နည်းပညာတက္ကသိုလ်များ ကျောင်းသား ၃၀၄၈ ဦးနှင့် ကျောင်းသူ ၂၀၃၂ ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၂၀၀၊ မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၂၀၀၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၂၀၀၊ ပညာရေးတက္ကသိုလ်များတွင် သိပ္ပံတွဲ၌ ကျောင်းသား ၁၅၀ နှင့် ကျောင်းသူ ၁၅၀၊ ဝိဇ္ဇာ+သိပ္ပံတွဲ၌ ကျောင်းသား ၇၅ ဦးနှင့် ကျောင်းသူ ၇၅ ဦးနှင့် ဝိဇ္ဇာတွဲ၌ ကျောင်းသား ၇၅ ဦးနှင့် ကျောင်းသူ ၇၅ ဦးတို့ဖြစ်ကြသည်။

ယမန်နှစ်ကထက် ယခုနှစ် တက္ကသိုလ်ဝင်ခွင့် ကျောင်းသား ကျောင်းသူဦးရေ တိုးမြှင့်ခေါ်ယူမည့် တက္ကသိုလ်များမှာ သူနာပြုတက္ကသိုလ် ဦးရေ ၁၀၀၊ မန္တလေးနည်းပညာ တက္ကသိုလ် (COE) ၅၀၊ နည်းပညာ တက္ကသိုလ်(ရတနာပုံဆိုက်ဘာ) ၅၀၊ ကွန်ပျူတာ တက္ကသိုလ်များ ၂၀၀၀ခန့်၊ နည်းပညာတက္ကသိုလ်မှာ ၅၀၀၀ ခန့်တိုဖြစ်ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်သည် ယခင်နှစ်ဦးရေထက် ၁၀ ဦးလျှော့၍ ခေါ်ယူမည်ဟု သိရှိရသည်။ ၂၀၁၃ ခုနှစ် ယမန်နှစ်က အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အားလုံး အပါအဝင် တစ်နိုင်ငံလုံး၌ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူ ဦးရေမှာ ၁၇၀၀၀၀ ခန့်ရှိကြောင်း အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ **ခင်ချိုဝင်း**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)နှင့်(၄)တို့တွင် ဆက်လက်ကျင်းပရာ ကွင်းအမှတ်(၃)တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ကွင်းအမှတ်(၄)၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေး(ပလရ) ရပ်ကွက်တွင် မိုးပွင့်အဆင့်(၆)စီမံချက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဩဂုတ် ၇ ရက်က မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးညီဇော်ဌေးနှင့် ဝန်ထမ်းများဆောင်ရွက်စဉ်။ ကိုမျိုး(ရွှေပေါက္ကံ)

ရထားအောက်ပြုတ်ကျခဲ့သည့် ကိုရီးယားနိုင်ငံသား၏ လက်ကိုင်ဖုန်း ပိုင်ရှင်ထံပြန်လည်ပေးအပ်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ အင်းစိန်မှ ရဲတပ်ကြပ်အောင်သန်းဦးပါ သုံးဦး လုံခြုံရေးဆောင်ရွက်သည့် "ဇီယာ"အထူး (၅)ရထားသည် အင်းစိန်ဘူတာမှ ရန်ကုန်ဘူတာကြီးသို့ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၅၀ က ထွက်ခွာလာစဉ် တွဲ(၃)တွင်စီးနင်းလိုက်ပါလာသည့် အဖွဲ့ခေါင်းဆောင် Mr. Lee Sung Kyuk ဦးစီးသည့် ကိုရီးယားနိုင်ငံသား အမျိုးသားလေးဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၂ ဦးတို့အနက်မှ Mr. Bon Herden ၏ လက်ကိုင်ဖုန်းသည် ကြည့်မြင်တိုင်ဘူတာနှင့် ပန်းလှိုင်ဘူတာကြား မိုင်တိုင်အမှတ် ၁၃/၁၀-၁၁ အရောက် ရထားအောက်သို့ ပြုတ်ကျခဲ့ကြောင်း သိရသဖြင့် လုံခြုံရေးလိုက်ပါလာသည့် ဒုတပ်ကြပ် မင်းနောင်က ရထားပေါ်မှ ခုန်ဆင်း၍ ရှာဖွေခဲ့ရာ တွေ့ရှိသဖြင့် ကြည့်မြင်တိုင်ဘူတာတွင် ရဲဒုတပ်ကြပ် မင်းနောင်က LG အမှတ်တံဆိပ်ပါ လက်ကိုင်ဖုန်းကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

(ရထားရဲတပ်ဖွဲ့)

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးရွာသွန်းမှုကြောင့် ရေဝင်ရောက်သည့်နေရာများ၌ ကူညီဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၁၆

ဩဂုတ် ၁၃ ရက် ည ၁၁ နာရီမှ ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီအထိ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးညှင်းမြို့ပေါ်ရှိ နန့်ရင်းချောင်းရေမှာ ၅၈၀ စင်တီမီတာအထိ မြင့်တက်လာသောကြောင့် နောင်စွန်းရပ်၊ နမိုးစုရပ်၊ နတ်ကြီးကုန်းရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ရေလယ်ကျွန်းရပ်များအတွင်း ရေအမြင့် လေးပေမှ ငါးပေခန့်အထိ ဝင်ရောက်နေသဖြင့် အိမ်ခြေ ၂၂၀ မှ အမျိုးသား ၆၃၈ ဦး၊ အမျိုးသမီး ၆၆၃ ဦး စုစုပေါင်း ၁၃၀၁ ဦးတို့ကို မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

အခြေခံပညာကျောင်းများသာမက အဆင့်မြင့်ပညာသင်တက္ကသိုလ်များမှာပါ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား ကင်းထောက်အဖွဲ့ဝင်များနှင့် အမျိုးသမီး ကင်းထောက်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များက ဆွေးနွေးကြရာတွင် ကင်းထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတကာနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အဖွဲ့အား ကမ္ဘာအမျိုးသမီး ကင်းထောက်အဖွဲ့က အသိအမှတ်ပြုမှု၊ ကင်းထောက်အခြေခံ ဥပဒေမူကြမ်းရေးဆွဲနေမှုနှင့် ကင်းထောက်အဖွဲ့ဝင်ဦးရေ တိုးတက်လာမှုများသည် အရှိန်အဟုန် ကောင်းမွန်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် မေလအတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ သဘာဝပန်းဥယျာဉ် ထင်းရှူးတောတွင် ကင်းထောက်မောင်မယ်များ တွေ့ဆုံပွဲ၌ သမ္မတကြီးကိုယ်တိုင် ကင်းထောက်ဝတ်စုံဖြင့် ကတိပြုခဲ့သည်မှာ မြန်မာနိုင်ငံသမိုင်း၏ အောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါကြောင်း။

> ▌ ကင်းထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတကာနှင့် ဆက်သွယ်မှုပေါင်း ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အဖွဲ့အား ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့က အသိအမှတ်ပြုမှု၊ ကင်းထောက်အခြေခံဥပဒေမူကြမ်းရေးဆွဲနေမှုနှင့် ကင်းထောက်အဖွဲ့ဝင်ဦးရေ တိုးတက်လာမှုများသည် အရှိန်အဟုန်ကောင်းမွန် ▌

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကင်းထောက်လှုပ်ရှားမှု လုပ်ငန်းများ အရှိန်အဟုန်မရပ်တန့်စေဘဲ အရှိန်နှင့်အမြန် ရွှေ့စေချင်ကြောင်း၊ အခြေခံပညာကျောင်းများသာမက အဆင့်မြင့်ပညာသင်တက္ကသိုလ်များမှာပါ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ ကင်းထောက်အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရေး၊ ကင်းထောက်ရုံးချုပ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ရေးနှင့် ကင်းထောက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် အမှတ်(၁)အခြေခံပညာ ဦးစီးဌာန (အောက်မြန်မာပြည်)တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဖုံးမှ

အာရှဘီအီးမြို့ပတ်ရထား (၈)အဆင့်မြင့် ပြေးဆွဲပေးလျက်ရှိသည် လမ်းကြောင်းတွင် အစားထိုးမြေးဆွဲပေးမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်း ယခင်စျေးနှုန်း ငွေကျပ် ၄၀၀ မှ ပြည်သူ့ဝန်ဆောင်မှု အထူးစျေးနှုန်း အနေဖြင့် ငွေကျပ် ၃၀၀ သို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်သည်။

“ဒီအာရှဘီအီး မြို့ပတ်ရထား တွဲဆိုင်း ၁၀တွဲကို ဂျပန်နိုင်ငံက ဝယ်ယူခဲ့တာပါ။ ရန်ကုန်မြို့ပတ်ရထားစီး ခရီးသွားပြည်သူတွေအတွက် အထူးစျေးနှုန်းအနေနဲ့ အရင်ခရီးစဉ်တစ်ကြောင်းကို ငွေကျပ် ၄၀၀ ကနေ ဒီနေ့ကစပြီး ဝန်ဆောင်မှုတစ်ခု အနေနဲ့ ငွေကျပ် ၃၀၀ ပဲ လျှော့ပေါ့ကောက်ခံသွားမှာ ဖြစ်ပါတယ်” ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက ယနေ့စတင်ပြေးဆွဲသည့် အာရှဘီအီး မြို့ပတ်ရထား တွဲဆိုင်းသစ် ပြေးဆွဲမှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ယနေ့ စတင်ပြေးဆွဲသည့် အာရှဘီအီးမြို့ပတ်ရထားမှာ တွဲဆိုင်းငါးဆိုင်း ပါဝင်ပြီး အဆိုပါတွဲဆိုင်းအားလုံးတွင် ထိုင်ခုံ ၂၇၈ ခုနှင့် ခရီးသည်များ မတ်တတ်ရပ်ကိုင်တွဲနိုင်မည့် လက်ကိုင်ကွင်း ၃၄၀ ပါရှိ၍ စုစုပေါင်းခရီးသည် ၆၀၀ ကျော် လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ခရီးစဉ်ကိုလည်း တစ်နေ့ ခုနစ်ခေါက်နှုန်းဖြင့် နံနက် ၆နာရီ ၄၅ မိနစ်မှစတင်ကာ ပထမခေါက်အနေဖြင့် အင်းစိန်မှ လော်ကား၊ ဒုတိယခေါက်တွင် လော်ကားမှ အင်းစိန်၊ တတိယခေါက်တွင် အင်းစိန်မှ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိမည်ဖြစ်ပြီး ယင်းနောက် ရန်ကုန်မြို့မှ လက်ယာရစ်သုံးပတ် ပြေးဆွဲပေးမည်ဖြစ်ပြီး နောက်ဆုံး လက်ဝဲရစ်အနေဖြင့် ရန်ကုန်-အင်းစိန် - မင်္ဂလာဒုံခရီးစဉ်လမ်းကြောင်းများကို ည ၈နာရီ၂၅ မိနစ်တွင် နေ့စဉ်ပြေးဆွဲပေးသွားဖြစ်ကြောင်း သိရသည်။

“ကျွန်မက အလုပ် စလုပ်ကတည်းက မြို့ပတ်ရထားကိုပဲ စောင့်ပြီးစီးဖြစ်ခဲ့တာပါ။ အရင်တုန်းကတော့ ကျပ်ပြီးတိုးစီးရတာတို့၊ အချိန်မမှန်တာတို့ ရှိခဲ့တယ်။ ခုနောက်ပိုင်းတော့ အခုလို အာရှဘီအီး အဆင့်မြင့် မြို့ပတ်ရထားတွေ အဆင်မြင့်ပြေးဆွဲပေးတော့ စီးရတာပိုပြီးတော့ အဆင်ပြေလာတယ်။ အခုလိုစျေးနှုန်းချပေးလိုက်တော့ မြို့ပတ်ရထားစီးမယ့်လူ ပိုများလာမယ်လို့ ထင်ပါတယ်” ဟု မြို့ပတ်ရထားကို မြို့တွင်းအလုပ်ခွင်သို့ သွားရာတွင် နေ့စဉ်စီးနင်းလိုက်ပါနေသည့် မင်္ဂလာဒုံမှ မဖြူလင်းသူက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့တွင်း မြို့ပတ်ရထား ပြေးဆွဲပေးမှုကို နေ့စဉ်အခေါက်ရေ ၂၁၅ ခေါက်အထိ တိုးချဲ့ ပြေးဆွဲပေးလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်မှာ နေ့စဉ်စုစုပေါင်း ရစ်သောင်းကျော်၊ ကိုးသောင်းနီးပါးသာ ရှိနေသောကြောင့် မြန်မာ့မီးရထားအနေဖြင့် နေ့စဉ် ငွေကျပ် ၈ ဒသမ ၈ သိန်းထျော် အရှုံးခံပြီး ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ

အဝေးပြေးလမ်းမကြီးတွင် ကားတိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူနှစ်ဦးကို အာမခံလျော်ကြေးငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၆

ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီက ဩဂုတ် ၁၂ ရက်က မန္တလေးမြို့၌ အဝေးပြေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူနှစ်ဦးကို အာမခံလျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၆ ရက်က တောင်တွင်းကြီးမှ လားရှိုးသို့ ပြေးဆွဲသော စွယ်တော်ဖူးခရီးသွားယာဉ်သည် ထုံးဘီ၊ ဖြစ်ငယ်လမ်းပိုင်း အေးရားဝေါလ်တိုးဂိတ်အနီးတွင် လမ်းယာဘက်သို့ ထိုးကျပြီးတိမ်းစောင်းခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ၎င်းထိုအနက် တောင်တွင်းကြီးမြို့နယ်နေ ကိုစိုးမင်းဌေးနှင့် မအေးဇင်မော်တို့နှစ်ဦးသည် ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီမှ ခရီးသွားအာမခံလက်မှတ်များ ဝယ်ယူခဲ့မှုကြောင့် ဒဏ်ရာရရှိမှုအပေါ် မူတည်ပြီး ငွေကျပ် ၈၄၀၀၀ လျော်ကြေး ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိန်း ၃၀ ရရှိမည်

အဝေးပြေးခရီးသွားအာမခံကို မိုင် ၁၀၀ အထက် ခရီးတိုင်းတွင် ထားရှိနိုင်ပြီး တစ်ယူနစ်လျှင် ငွေကျပ် ၃၀၀ ဖြစ်သည်။ အကျုံးခံစားခွင့် အများဆုံးမှာ ငွေကျပ်သိန်း ၃၀ ရရှိမည်ဖြစ်သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ရွှေဖုံးမှ

အားမာန်ကို ရှုံးကြေးပြန်ဆပ်နိုင်မလား ပွဲကောင်းကြည့်ရမည်။ သုံးချီ အထူးစိန်ခေါ်ပွဲတွင် ယှဉ်ပြိုင်မည့်အတွဲမှာ ရွှေဝါထွန်း (ရွှေသောင်းရင်း)နှင့် လုံးချော (သတ္တိ)တို့ဖြစ်သည်။

ရွှေဝါထွန်းက လက်ဝှေ့ပွဲပေါင်း ၂၅၀ခန့် ကစားထားသည့် ဝါရင့်လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် လုံးချောက ပွဲပေါင်း ၁၀၀ခန့် ကစားထားသူဖြစ်ရာ ရွှေဝါထွန်းကို အလဲထိုးနိုင်မလားဆိုသည်ကို ပရိသတ်စောင့်ကြည့်ရမည်။ ငါးချီစိန်ခေါ်ပွဲ၏အတွဲမှာ ဖိုးလပြည့် (ရွှေဖူး)နှင့် စောအယ်လေး (ထော့မွဲပါ) တို့ဖြစ်သည်။ ဖိုးလပြည့်က သန့်သန့်ရှင်းရှင်းကစားတတ်ကာ ပြိုင်ဘက်ကို လေးစားတတ်သည်။ သူ့ကို ထိပြီဆိုလျှင် လက်သီးတွဲလုံးများ တရစပ်ထိုးတတ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်မည့် စောအယ်လေးက လက်သီးကပ်ထိုး၊ ကပ်တည်ကစားတတ်သူဖြစ်ပြီး ပရိသတ်အကြိုက် ပွဲတစ်ပွဲ ဖြစ်နိုင်သည်။ ကျားပေါက် (ရွှေသောင်းရင်း)က ထိုးလုံး ထိုးပေါက် ကြမ်းတမ်းသူဖြစ်သည်။ သူနှင့်ယှဉ်ပြိုင် ထိုးသတ်မည့် ရဲတံခွန် (အလင်းရောင်)က လက်သီးကန်ထိုးတတ်ကာ ပြိုင်ဘက်ကို အနိုင်ယူတတ်သူ ဖြစ်သည်။

ရဲရင့်အောင် (နဂါးမာန်)နှင့် စောဂပရေမျိုး (ထော့မွဲပါ)တို့အတွဲ

စောငမန်း(ရွှေဖူး)

တွင် ရဲရင့်အောင်က တွေ့မရှောင်၊ ဖိုးကေတို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးကာ ပြိုင်ပွဲအတွေ့အကြုံ နည်းသော်လည်း ဇွဲသတ္တိကောင်းသည်၊ စောဂပရေမျိုးက လက်ဝှေ့လောကနှင့် ဝေးနေခဲ့ပြီး လေ့ကျင့်ချိန် နည်းနေသော်လည်းပြိုင်ပွဲအတွေ့အကြုံ ရှိထားသူဖြစ်သည်။ ယခုပွဲသည် ပွဲကောင်းတစ်ပွဲ ဖြစ်နိုင်သည်။

ထွန်းထွန်း (ဝါဆို)နှင့် စောဂေါ်မူတို (သတ္တိ)တို့အတွဲတွင် ထွန်းထွန်းက ဒူးတိုက်ခြေကန်ချက် ကောင်းပြီး လက်သီးထိုးချက် နည်းသူဖြစ်ကာ ပြိုင်ပွဲပေါင်း ၉၀ ကစားထားသည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည် စောဂေါ်မူတိုက တိုက်စစ်ပါဝါအားကောင်းသည်။ လက်သီးရေနည်းကာ ဇွဲသတ္တိကောင်းပြီး ရိုးရာလက်ဝှေ့ကို ပရိယာယ်နှင့်ကစားတတ်သည်။ ယခုပွဲတွင် ပထမတန်းတက်ရန် စောဂေါ်မူတို ကြိုးစားရမည်။

စောငမန်း (ရွှေဖူး)နှင့် တူးတူး (နဂါးမာန်)ထိုပွဲတွင် စောငမန်းက လေ့ကျင့်မှု နည်းစနစ်ပါဝါခွန်အားကောင်းကာ ကိုင်ပေါက်တတ်သည် စနစ်ရှိပြီး ရိုးရာလက်ဝှေ့ချန်ပီယံဘွဲ့ကို ထိန်းထားနိုင်မလား စောင့်ကြည့်ရမည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် တူးတူးက ပြိုင်ပွဲနည်းသော်လည်း ယခုချိန် အထိရှုံးပွဲမရှိထားဘဲခြေကန်ချက် လက်သီးတွဲလုံးများထိုးတတ်သူဖြစ်သည်။ ထိုပြိုင်ပွဲသည်ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲ ကြည့်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T&T Group နှင့် Naing Moe Entertainment က စီစဉ်ကျင်းပ

တူးတူး(နဂါးမာန်)

ပြီး ဝင်ကြေးကို ငွေကျပ် ၂၀၀၀၀၊ ၁၅၀၀၀၊ ၅၀၀၀ ဖြင့် ဝယ်ယူကြည့်ရှုနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၁၄ (တနင်္ဂနွေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၄၅ **ဘုတလင်မြို့ကြောင်ပန်းတောရ** ကျေးဇူးရှင် ပထမဆရာတော်အရှင်ဣန္ဒက၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိဖြစ်စဉ် (အပိုင်း-၁၀)
၇း၀၀ နံနက်ခင်းသတင်းပြည်တွင်း၊ မိုးလေဝသအခြေအနေ
၉း၃၀ လှသန့်လင်အာဆီယံတစ်ခွင်
၉း၄၀ **ကမ္ဘာ့ယဉ်ကျေးမှုအထင်ကရ မှတ်တမ်းဝင် လောကမာရဇိန်ကျောက်စာတင်**
၁၂း၃၅ ဖြူမည်းရုပ်ရှင် **ခုနစ်စဉ်အလွမ်း** သမောင်၊ ခင်သန်းနု၊ စလိုင်နှင်း (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၅း၄၀ **ရင်သွေးအတွက်သတ်တစ်ချက်**
၁၆း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု (မြန်မာစာ)
၁၇း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ပြည်တွင်းသတင်း၊
၂၁း၀၀ ပြည်တွင်းသတင်း တစ်မျက်နှာ၊ တစ်ကွက်စာ **ကံဇာတ်ဆရာရဲ့မျက်လှည့်ပွဲ** (ပထမပိုင်း)(ထွန်းကိုကို၊ မေ) (ဒါရိုက်တာ- မေတင် MMG) **ရဟန်းမစားရသောဆွမ်းတစ်နပ်** ဇော်လင်း၊ ချိုပြုံး၊ မြတ်သစ်၊ နေမျိုးအုံ့ကျော်၊ စောနိုင်(ရှမ်းပြည်) (ဒါရိုက်တာ-မောင်းနှင်းမိုး)

ရွှေတိဂုံစေတီတော်အား ပြည်တွင်းပြည်ပဘုရားဖူးများ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ ဝတ်ပြုကြည်ညိုနိုင်ရေး လုံခြုံရေးအထူးဂရုပြုဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ထနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များအားတွေ့ဆုံပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်ကြီးအား လာမည့်ပွင့် လင်းရာသီ၌ ရွှေသင်္ကန်းတော် ကပ်လှူရေးလုပ်ငန်း ဆောင်ရွက် သည့်အခါ အဆင့်မီ အရည်အသွေး မီဖြစ်အောင် ဂေါပကအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရန်၊ ရွှေတိဂုံ စေတီတော် ကုန်းတော်နှင့် ဝတ္ထက မြေ ရေရှည်တည်တံ့ကြံ့ခိုင်မှုရှိရေး အလေးထား ဆောင်ရွက်ရန်၊ ပြည်တွင်းပြည်ပ ဘုရားဖူးများ ကိုယ် စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ဝတ်ပြု ကြည်ညိုနိုင်ရေးအတွက် လုံခြုံရေး ကို အထူးဂရုပြု ဆောင်ရွက်ရန်၊ စေတီတော်ကြီးတွင် ဆောင်ရွက်နေ သည့်လုပ်ငန်းဆောင်တာများ၊ စေတီ တော်ကြီးနှင့်ပတ်သက်သည် သိသင့် သိတိုက်သည်များကို အလွယ်တကူ သိရှိနိုင်စေရန်အတွက် စေတီတော် ဝင်းဝိုင်းကိုက်တွင် သတင်းများ ပြည့် ပြည့်စုံစုံ လွှင့်တင်ရန်၊ ဂေါပကရုံး ဝန်ထမ်းများအား လုပ်ငန်းစွမ်း ဆောင်မှုအရည်အသွေး တိုးတက် လာစေရန်နှင့် ဘာသာရေးကိစ္စရပ် များတွင် ယုံကြည်သက်ဝင်မှုနှင့် စိတ်ဝင်စားမှုရှိလာစေရန်အတွက် သင်တန်းများဖွင့်လှစ်ပို့ချရန်၊ စေတီ တော်ကြီး၏ ဘဏ္ဍာငွေများကို စနစ်တကျ တိန်းသိမ်းအသုံးပြုရန် နှင့် ဘဏ္ဍာငွေများ ထိုးပွားအောင် ဆောင်ရွက်ရန်၊ ပြတိုက်နှင့် မဟာ ဗုဒ္ဓဝင်ပြခန်းတို့တွင် ခင်းကျင်းပြသ မည် ပစ္စည်းများကို မီးအလင်း အမှောင်မှအစ တိုးတက်ပြောင်းလဲ နေသည့် ခေတ်စနစ်နှင့်အညီ အဆင့်မီမီ ခင်းကျင်းပြသရန်နှင့် လိုအပ်ပါက ကျွမ်းကျင်သူများ၊ ပညာ ရှင်များအား ဖိတ်ခေါ်ညှိနှိုင်း အကြံ ဉာဏ်ရယူရန် ဆွေးနွေးမှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ် ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ရှင်များအသင်း၏ အသင်းသား စုံညီအစည်းအဝေးနှင့် မော်တော် ယာဉ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အမျိုးသားအဆင့်အလုပ် ရုံ ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက်က UMFCCI အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မော် တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို ၂၀၁၁ ခုနှစ် အောက်တိုဘာလမှစတင်၍ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်း ဝယ်ရေးဘဏ်များတွင် နိုင်ငံခြား ငွေဘဏ်စာရင်း ဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ် မော်ဒယ်နှင့်အထက် မော်တော် ယာဉ်များ၊ ဘယ်မောင်း/ညာမောင်း မခွဲခြားဘဲ ၂၀၁၂ ခုနှစ် မေလမှ စ၍ တင်သွင်းခွင့်ပြုခဲ့ပြီး ယခု အချိန်တွင် ၂၀၀၉ ခုနှစ်နှင့်အထက် မော်တော်ယာဉ်များအား တင်သွင်း ခွင့်ပြုထားပါကြောင်း။

ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံ၍ မော်တော်ယာဉ်အသစ် များ လွယ်ကူစွာ ဝယ်ယူရရှိနိုင်စေ ရေးအတွက် မော်တော်ကား အရောင်းစင်တာများအား ပြည်တွင်း တွင် ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး လက်ရှိတွင် မော်တော်ကားအရောင်း စင်တာ ၁၇၇ ခုကို ဖွင့်လှစ်ခွင့်ပြု ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ဩဂုတ်လအထိ ယာဉ်အို၊ ယာဉ်ဟောင်းများ အစား ထိုးအပ်နှံပါမစ် လျှောက်ထားမှုမှာ ၉၁၈၄၂ စီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်း လျှောက်ထားမှုမှာ ၁၇၁၉၃၂ စီး၊ ပါမစ်ထုတ်ပေးသည့် ပို့ကုန်၊ သွင်း ကုန်ကုမ္ပဏီများအား ၇၅၉ စီး၊ သဘောသား ၂၈၆၈ စီး၊ နိုင်ငံခြား ရေးဝန်ထမ်းများအားအစီး ၃၄၀၊ ဟိုတယ်လုပ်ငန်းရှင်များအတွက် အစီး ၆၀၊ နိုင်ငံခြားအလုပ်သမား များအတွက် ၂၁၆၅ စီး၊ ကာကွယ် ရေးဝန်ထမ်းများအား ၁၁၃ စီးနှင့် ကျောက်မျက်ကုမ္ပဏီများအား ရှစ် စီး စုစုပေါင်း ၂၇၀၀၈၇ စီးအား ထုတ်ပေးပြီးဖြစ်ကြောင်းဖြင့် ပြော ကြားသည်။

မြန်မာ့ မော်တော်ယာဉ်ထုတ် လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက် တာစိုးထွန်းက အသင်းဖွဲ့စည်းထား ရှိပုံနှင့်အသင်း၏ ရှေ့လုပ်ငန်းစဉ်များ အားရှင်းလင်းတင်ပြပြီး အမှုဆောင် အဖွဲ့၏ အမည်စာရင်းနှင့် သင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းအား အတည်ပြုကြပြီး ပြည်ထောင်စု ဝန်ကြီး **(ဓါတ်ပုံ)** နှင့် ဒုတိယဝန်ကြီး တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေး အပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကား ပြောကြားပြီး အသင်းဝင်များနှင့် တက်ရောက်လာသူများက သိရှိလို သည်များကို မေးမြန်းကြရာ သက် ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန် ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

မော်လမြိုင်-ဘားအံမှန်လုံယာဉ်က ယာဉ်ငယ်နှစ်စီးကို ဆင့်တိုက် ခရီးသည်သုံးဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိ

မော်လမြိုင် ဩဂုတ် ၁၆

မော်လမြိုင် - ဘားအံခရီးသည်တင် မြတ်ရတနာမင်း မှန်လုံယာဉ်က မော်လမြိုင်-ဘားအံ ကားလမ်း ခရုံကျေးရွာလမ်းဝအဝင် အနီးတွင်ယာဉ်နှစ်စီးကို ဆင့်တိုက်မှု ဖြစ် ပွား၍ ခရီးသည်သုံးဦးသေဆုံးပြီး ခရီးသည် ၁၇ ဦးဒဏ်ရာများရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ကျိုက်မရော မြို့နယ် မော်လမြိုင်-ဘားအံသွားကားလမ်း မိုင်တိုင်အမှတ် (၁၁/၂) ခရုံကျေးရွာအုပ်စု ခရုံကျေးရွာအဝင်လမ်းဝအနီးတွင် ယမန်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မော်လမြိုင် ဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း ဇော်ထွန်း ဦး (၄၉ နှစ်) တောင်ရှမ်းစုရပ်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့ မောင်းနှင်လာသော မြတ်ရ တနာမင်း (မော်လမြိုင်-ဘားအံခရီးသည်တင် မှန်လုံ) **(ယာဝံ)** ယာဉ်သည် လားရာတူ အရှေ့ မှ မောင်းနှင်နေသော ယာဉ်မောင်းညီညီ (ခ) မျိုးညီညီ (၄၃ နှစ်) ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ မောင်းနှင်သည့် ရမ္မာ ဝတီခရီးသည်တင် ဟိုင်းလတ်ယာဉ်ကို ကျော် ကက်စဉ် ဟိုင်းလတ်ယာဉ်၏ ဝဲဘက်ခြမ်းကို ပွတ်တိုက်မိကာ ဟိုင်းလတ်ယာဉ်မှာ လမ်းဘေး သို့ ထိုးကျတိမ်းမှောက်ပြီး လမ်းဘေးရှိ ထန်း ပင်ကို ဆက်တိုက်မိခဲ့သည်။

ထိုစဉ် မြတ်ရတနာမင်းခရီးသည်တင် မှန်လုံယာဉ်မှာ မျက်နှာချင်းဆိုင်ဘားအံမှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်း နိုင်းနိုင်း မောင်းနှင်လာသည့် 9D/... ဟိုက်ဂျက်အဖြူ ရောင်ယာဉ်ကို ထပ်မံဝင်ရောက်တိုက်မိခဲ့ သည်။ ယာဉ်တိုက်မှုကြောင့် မှန်လုံယာဉ်ပေါ် တွင် လိုက်ပါစီးနင်းလာသည့် ယာဉ်မောင်း ဇော်ထွန်းဦးနှင့် ခရီးသည်များမှာ ဒဏ်ရာ ရရှိခြင်းမရှိဘဲ 9D/... ဟိုက်ဂျက် အဖြူရောင် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ဦးစိန်ငွေ (၅၀ နှစ်)နှင့် ဒေါ်ကွမ်းကြည်(၆၀ နှစ်) သရက်တောကျေးရွာ ကျုံဒိုးမြို့နယ် ကရင်ပြည်နယ်နေသူတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဟိုင်းလတ်အဖြူယာဉ်ပေါ် ပါ ခရီးသည်နှင့် ဟိုက်ဂျက်အဖြူရောင်ပေါ်ပါ ခရီးသည် အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၇ ဦးဒဏ်ရာများရရှိခဲ့သဖြင့် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး သို့ တင်ပို့ကုသထားစဉ် ဒဏ်ရာရရှိထားသူ ဦးသိုက်မွန်(ခ) တိုက်မောင် (၃၀ နှစ်) လယ် လုပ် သရက်တောကျေးရွာ ကျုံဒိုးမြို့နယ် ကရင်ပြည်နယ်နေသူမှာ ရရှိဒဏ်ရာဖြင့်သေဆုံး ခဲ့သည်။

ယာဉ်တိုက်မှုကို ကျိုက်မရောမြို့မရဲစခန်း က အမှုဖွင့်ပြီး ယာဉ်မောင်း ဇော်ထွန်းဦး (၄၉ နှစ်)ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သိန်းလှိုင်(မော်လမြိုင်)

ပြည်တွင်းသတင်း

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ပုသိမ် ဩဂုတ် ၁၆

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်း အဝေး စတုတ္ထနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ဒေသကြီးလွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုးက ဦးစီးကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဝင်း အပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၁ ဦးနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စစ်ကုန်းရွာမှ ဟင်္သာတ-လယ်တော်-အဝေးပြေးဝင်း သို့ လမ်းဆက်လက်ခင်းပေးရေး၊ အမှတ်(၁)ရပ်ကွက် ၂၈ လမ်းအား ကွန် ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ခြင်းရှိ/မရှိ နှင့် မြို့အင်္ဂါရပ်နှင့်လျော်ညီသော မီးသတ်တပ်ဖွဲ့ဖြစ်ရန် ဆောင်ရွက်ပေးနိုင်ရေးစသည့် မေးခွန်းများ အပါ အဝင် မေးခွန်း(၁၈)ခုမေးမြန်းဖြေကြားခဲ့ကြသည်။

ထို့နောက် သစ်တောစိုက်ခင်းများ၊ ကြိုးဝိုင်းကြိုးပြင်တောများက သစ်ပင်များနှင့် ဘုရားပုတိုးအနီးတွင်ရှိသော သစ်တောများကို ကာကွယ် စောင့်ရှောက်ရန်နှင့် ကရားမဝင်ဖမ်းဆီးသစ်ကန်များကို ပြည်သူ့အကျိုးအတွက် အချိန်မီဆောင်ရွက်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အစည်း အဝေးကို ရပ်နားလိုက်သည်။

(သထင်းစဉ်)

ဆီဆိုင်မြို့ ဇဝနာရာမစာသင်တိုက်မှ ရဟန်း၊ သံဃာများ အစာအဆိပ်သင့်မှုဖြစ်ပွား

ဆီဆိုင် ဩဂုတ် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ် မြကန်သာ ရပ်ကွက်အတွင်းရှိ ဇဝနာရာမ စာသင်တိုက်မှ ရဟန်း၊ သံဃာ တော် ၁၁၃ ပါး အစာအဆိပ်သင့်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီတွင် နေ့ဆွမ်းအဖြစ် မျှစ်ချဉ်ဟင်းနှင့် အမဲသားဟင်းတို့ ကို စားသုံးမိရာမှ ၁၅ မိနစ်ခန့် အကြာတွင် ခေါင်းကိုက်၊ မူးဝေပြီး အော့အန်ခဲ့ကြောင်း ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ကိုရင် ဝိလာသဂ္ဂက ပြောကြားသည်။

အဆိုပါ အစာအဆိပ်သင့်သော ရဟန်း၊ သံဃာများအား ဆီဆိုင် မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သန်းထွဋ်ဦးနှင့် အဖွဲ့က လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးလျက်ရှိပြီး **(အပေါ်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဌာနဆိုင်ရာများ၊ လူမှု ရေးအသင်းအဖွဲ့များက ပူးပေါင်းပြီး လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရဟန်း၊ သံဃာများအတွက် လိုအပ် သည့်ဆေးဝါးများကို ဆီဆိုင်မြို့မ ဈေးအတွင်းရှိ အောင်ဆေးဆိုင်က အခမဲ့လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့် ရဟန်း၊ သံဃာတော် ၁၁၃ ပါး အနက်မှ ခြောက်ပါးမှာ ဆီဆိုင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေး ကုသမှု (မစိုးရိမ်ရ) ခံယူလျက်ရှိကြောင်း နှင့် ဇဝနာရာမစာသင်တိုက်ရှိ ဝါဆို ဝါကပ်တော်မူသော ရဟန်း၊ သံဃာ ၄၄၈ပါးရှိကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲ ၁၆၂ ဦး ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီက ကြီးမှူးကျင်းပ သော "အဆင့်မြင့်မြို့တော် ဖြစ် စေရေး အားလုံးပါဝင်ဆောင်ရွက် ပေး" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲစာရင်းပေး သွင်းခြင်းကို ယနေ့ညနေ ၄နာရီ စာရင်းပိတ်သည့်အချိန်ထိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အတန်း သုံးတန်းတို့အတွက် ပန်းချီ ပြိုင်ပွဲတွင် ၆၈ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၅၇ဦးနှင့် ပိုစတာပြိုင်ပွဲတွင် ၃၇ဦး စုစုပေါင်း ၁၆၂ ဦး ယှဉ်ပြိုင်ရန်စာရင်း ပေးသွင်းပြီးကြောင်းနှင့် ဩဂုတ် ၁၇ ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လသာ မြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်း၌ လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ် ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ် ချုန်းရွာမည်။

ကျော်ဖုံးမှ

ဒုတိယမြောက် ဂိုးသွင်းယူခဲ့သည် အတွက် ဆွမ်ဆီးဂပင် ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ မန်ယူ တို့ချေပဂိုးသွင်းယူနိုင်ရေး အကြိတ် အနယ် ကြိုးစားပေမယ့်လည်း တစ်ဂိုး-နှစ်ဂိုးဖြင့် ဆွမ်ဆီးကိုအရေးနိမ့်သွားခဲ့ သည်။ မန်ယူတိုက်စစ်တွင် ရွှန်းနေ၊ မာတာနှင့် ဟာနန်ဒက်တို့၏ အတွဲ သည် တစ်ဖက်ခံစစ်ကို ထိုးဖောက်မှု အားနည်းနေသည်။ အခြားပွဲစဉ်များတွင် စပါးက ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လက်စတာနှင့် အဲဗာ တန်တို့ နှစ်ဂိုးစီ သရေကျသည်။ ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်းတို့ ပွဲမှာလည်း နှစ်ဂိုးစီဖြင့် သရေ တစ်မှတ် ခွဲယူကြသည်။ တန်းတက် ကျူပီအာက အဖွင့်ပွဲတွင် ဟားလ် စီးတီးကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့် ခဲ့သည်။ အက်စ်တွန်ဗီလာက စတုတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရသည်။

ပြည်တွင်းသတင်း

အာဆီယံ-ဂျပန် ကုန်သွယ်မှုပြပွဲတွင် ပါဝင်ပြသရန် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၂၀ က အဆိုပြုထား

ရန်ကုန် ဩဂုတ် ၁၆

ဂျပန်နိုင်ငံ တိုကျိုမြို့ အာဆီယံ-ဂျပန်စင်တာအတွင်း နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည် အာဆီယံ-ဂျပန် ကုန်သွယ်မှုဆိုင်ရာ ပြပွဲသို့ သွားရောက်ပြသခွင့်ရရှိရန် အတွက် ပြည်တွင်းမှ ကုမ္ပဏီပေါင်း ၂၀ က အဆိုပြုကမ်းလှမ်းထားပြီး အာဆီယံ-ဂျပန် စင်တာမှ တာဝန်ရှိသူများ လာရောက်စိစစ်ရွေးချယ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းအမျိုးအစားနဲ့ အရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပါဘူး။ သူတို့လာရောက်စိစစ်လို့ အဆင်ပြေရင် အားလုံးကိုလည်း ခွင့်ပြုပေးနိုင်မှာပါ။ အဓိကကတော့ ကုန်စည်တွေရဲ့ အရည်အသွေးကို စိစစ်မှာဖြစ်ပါတယ်။ နိုင်ငံတကာ အရည်အသွေးမီ ကုန်စည်ဖြစ်နေမယ်ဆိုရင် အားလုံးကို ရွေးချယ်ပေး သွားဖို့ရှိပါတယ်"ဟု ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံမှ ကုန်စည်တုတ်လုပ်ရေးလုပ်ငန်းများအပါအဝင် အာဆီယံနိုင်ငံအသီးသီးရှိ ကုန်စည်များအား ကူးသန်းရောင်းဝယ်နိုင်ရေးအတွက် ကုန်သွယ်မှုပြပွဲကို ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့ အာဆီယံ-ဂျပန်စင်တာမှ တာဝန်ရှိသူများလာရောက်ကာ လေ့လာစစ်ဆေးမှုများ ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ အာဆီယံ-ဂျပန်စင်တာအနေနဲ့ ရှမ်းပြည်နယ်အတွင်း ကတောင်ကြီး၊ ဟဲဟိုးနဲ့ အောင်ပန်းမြို့နယ်တစ်ဝိုက်က သီးနှံစိုက်ခင်းတွေနဲ့ တုတ်လုပ်မှုစက်ရုံတွေ၊ တုပ်ပိုးမှုကဏ္ဍတွေကို လေ့လာသွားတာရှိပါတယ်။ ကူညီပြီး အဆင့်မြှင့်တင်ပေးဖို့လည်း သူတို့ဘက်က ရည်ရွယ်ထားတာဖြစ်ပါတယ်။ လာမယ့် ကုန်သွယ်မှုပြပွဲမှာလည်း မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေးကဏ္ဍတွက်ကုန်တွေကိုပဲ အဓိကထား ပြသသွားဖို့ရှိပြီး ရေထွက်ကုန်တွေလည်း ပါဝင်နိုင်ပါတယ်"ဟု အာဆီယံ-ဂျပန် ကုန်သွယ်မှုပြပွဲအတွင်း သွားရောက်ပြသရန် အဆိုပြုထားသူ စိုက်ပျိုးတုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါ ပြပွဲမှတစ်ဆင့် အာဆီယံနိုင်ငံအချင်းချင်းနှင့် ဂျပန်နိုင်ငံတို့အကြား ကုန်သွယ်မှုကဏ္ဍ ပိုမိုမြင့်မားလာနိုင်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းများ အဆင့်မြင့်မားလာစေရန် ရည်ရွယ်ကာ မြန်မာကုမ္ပဏီများကိုလည်း အရည်အသွေးမြင့်မားသည့် ကုန်စည်များ ပြသနိုင်ရေး နှိုးဆော်ထားကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၄ခုနှစ်အတွင်း အာရှဒေသဆိုင်ရာ ကုန်စည်နှင့် ကုန်သွယ်မှုပြပွဲများ ကျင်းပမှု ပိုမိုများပြားလာသည့်အပြင် မြန်မာနိုင်ငံအနေဖြင့်လည်း သွားရောက်ပြသမှုများကြောင့် အာဆီယံနိုင်ငံများအပါအဝင် အခြားဒေသတွင်း နိုင်ငံများနှင့် စီးပွားရေးချိတ်ဆက်မှုအခြေခံကောင်းများ ရရှိလာခဲ့ကြောင်း၊ စီးပွားရေးအတွေ့အကြုံသစ်များနှင့် ကူးသန်းရောင်းဝယ်ရန် မိတ်ဖက်အသစ်များကိုလည်း ရရှိလာခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်အများစုမှာ ပြည်ပကုန်သွယ်မှုနှင့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း အာဆီယံ-ဂျပန် ကုန်သွယ်မှုဆိုင်ရာ ပြပွဲသို့ သွားရောက်ရန် အဆိုပြုထားသည် ပြည်တွင်းလုပ်ငန်းရှင်တစ်ဦး ကပြောသည်။

သတင်း- ခင်ရတနာ
ဓာတ်ပုံ- မေဦးမိုး

အင်္ဂမအကြိမ်မြောက် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီကကြီးမှူး၍ ၂၀၁၄ ခုနှစ် အဌမအကြိမ်မြောက် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စစ်ကုရင်ပြိုင်ပွဲဆုပေးပွဲသို့ မန္တလေးကိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဝင်းလှိုင်၊ မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာစိုးတွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး(မန္တလေး) ညွှန်ကြားရေးမှူး ဦးသိန်းတွန်းလတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆေးတက္ကသိုလ် (မန္တလေးတိုင်းဒေသကြီး) ပါမောက္ခ ဒေါက်တာတင်မောင်ဟန်၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ဒိုင်ချုပ်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိသူများ၊ အခြေခံပညာကျောင်းများနှင့် အား/ကာ သိပ္ပံ(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲ (အသက် ၁၄ နှစ်အောက်) ပတမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အသက် ၅၀ နှစ်အောက်နှင့် အတက်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင်ဆဌမဆုရ မောင်မောင်ကျော်ဇောဟိန်း (လူငယ်မြန်မာ့လက်ရွေးစင်)၊ ပဉ္စမဆုရ ကိုသီဟန်စိုး(မန္တလေးတိုင်းဒေသကြီးပဏာမ)၊ စတုတ္ထဆုရ ကိုညီညီလွင် (ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့လက်ရွေးစင်)တို့အား တိုင်းဒေသကြီး စစ်တုရင် ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးထွန်းနှင့် တာဝန်ရှိသူများကဆုများချီးမြှင့်ကြီပြီး အမျိုးသမီးထူးချွန်ဆုရ မနှင်းပွင့်ဖြူ(ဆေးတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး)ကို ဆေးတက္ကသိုလ် မန္တလေးပါမောက္ခချုပ် ဒေါက်တာတင်မောင်ဟန်က ဆုငွေနှင့် ဆုဖလားပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် ပတမဆုရ ကိုကျော်လေးထိုက်(မန္တလေးတိုင်းဒေသကြီး လက်ရွေးစင်)၊ ဒုတိယဆုရ ကိုဇော်ဝမ်း (မန္တလေးတိုင်းဒေသကြီး၊မြန်မာ့လက်ရွေးစင်)နှင့် တတိယဆုရ ကိုမြင့်ဦး (မန္တလေးတိုင်းဒေသကြီး)တို့ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က ငွေသားဆုများနှင့် ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အတွင်းတိမ်မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမေး

တောင်ငူ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ Soul Namsan Lions Club မှ Dr. Jin-Hak LEE ဦးဆောင်သော အဖွဲ့ဝင် ၁၃ ဦးပါ မျက်စိအထူးကုအဖွဲ့သည် တောင်ငူခရိုင်အတွင်းရှိ အတွင်းတိမ် မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးနေမှုများကို ဩဂုတ် ၁၄ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**

ခွဲစိက်ကုသမှုခံယူနိုင်ရေးအတွက် ပဏာမ မျက်စိစစ်ဆေးခြင်းလုပ်ငန်းများကို တောင်ငူပြည်သူ့ဆေးရုံကြီးတွင် ပြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်၊ အုတ်တွင်း၊ တန်းတပင်နှင့် တောင်ငူမြို့နယ်များမှ ဝေဒနာရှင်များအား လိုအပ်သည် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

ပေ ၂၀ နှင့်အတက် အမြင်မကြည်လင်သူများနှင့် အခြားဝေဒနာရှင် ၁၀၀ ကျော်ကို ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ပြန်လည်စမ်းသပ် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

စာကျက်ရန်သွားသည့်လူငယ် ဆိုင်ကယ်လုယက်သတ်ဖြတ်ခံရ

ပေါင်းတည် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာအုပ်စု ဖိုးခေါင်တိန်ကျေးရွာတွင် ဩဂုတ် ၇ ရက်က လူငယ်တစ်ဦးသေဆုံးနေကြောင်း သိရသဖြင့် နယ်မြေခံရဲစခန်းက သွားရောက်ကြည့်ရှုခဲ့ရာ သေဆုံးသူမှာ မောင်စိုးလင်းအောင် (၁၄နှစ်) ဖြစ်ပြီး ဇီးအုပ်ရွာ သဲကုန်းမြို့နယ်တွင် နေတိုင်သူဖြစ်ကြောင်း သိရှိရသဖြင့် စုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူ၏ ဖခင်ပြောပြချက်အရ ၎င်း၏သားဖြစ်သူသည် ဩဂုတ် ၆ ရက် ညနေ ၅ နာရီခန့်က ပေါင်းတည်မြို့နယ် မှတ်တိုင်ရွာရှိ သူငယ်ချင်းများနေအိမ်သို့ စာကျက်ရန်တွက်သွားပြီး ည ၁၂ နာရီတွင် ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် သေဆုံးသူကိုင်ဆောင်သည် ဟန်းဖုန်းကို ခေါ်ဆိုသော်လည်း ပြန်လည်ဖြေကြားခြင်းမရှိ၍ ၎င်း၏သူငယ်ချင်းဖြစ်သူ နေအိမ်သို့ သွားရောက်မေးမြန်းခဲ့ရာ သေဆုံးသူ မောင်စိုးလင်းအောင်သည် ည ၁၀ နာရီခွဲ၌ ၎င်းနေအိမ်မှပြန်သွားကြောင်း ပြောပြသဖြင့် ဩဂုတ် ၇ ရက် နံနက် ၅ နာရီ တွင် တပ်မံလိုက်လံရှာဖွေရာ မှတ်တိုင်ရွာနှင့် ဖိုးခေါင်တိန်ရွာသွား လမ်းဘေး နှမ်းခင်းထဲတွင် ကျောကုန်းထိုးသွင်းဒဏ်ရာ ၁၇ ချက်၊ ဝမ်းဗိုက်/ရင်ဘက် တိုးသွင်းဒဏ်ရာကိုးချက်၊ မျက်နှာဖူးရောင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်းစီးနင်းသွားသော မော်တော်ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတစ်လုံးမှာ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ဩဂုတ် ၇ ရက်က သွားရောက်တိုင်တန်းခဲ့ရာ မှတ်တိုင်ရဲစခန်းက အမှုဖွင့်အရေးယူစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်ပင်းဇော်(ပေါင်းတည်)

ကြက်ငှက်တုပ်ကွေးရောဂါ H5N1 နှင့် H7N9 ပတ်သက်သော သတင်းပေးမှုများ မှန်ကန်ပီပြင်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၆

မွေးမြူရေးလုပ်ငန်းများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမရှိအောင် ဇီဝလုံခြုံမှုဖြင့်ကာကွယ်ခြင်း၊ ကြက်ငှက်တုပ်ကွေးကို လူသို့ ကူးစက်မှုမရှိစေရန် မွေးမြူသူရော စားသုံးသူများပါ ပြုမူသည် အလေ့အကျင့်ကောင်းများဖြင့် ကာကွယ်တားဆီးခြင်းအား ပြည်သူဗဟိုပြုပညာပေးသည် အစီအစဉ်တစ်ရပ်ဖြစ်ရန်အတွက် သတင်းသမားပီပီ မှန်ကန်ပီပြင်စွာ သတင်းပေးနိုင်ရေး နည်းပညာပေး ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၁၁ ရက်က ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို USAID and Australian AID၊ FHI (Family Health Internation 360)နှင့် Prevent project Myanmar အဖွဲ့အစည်းများက တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ "Media Orientation on Avian and Pandemic Influenza " ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာအနှံ့ဖြစ်ပွားသော တုပ်ကွေးရောဂါနှင့် ပတ်သက်၍ မီဒီယာမိတ်ဆက်သင်တန်းဖြစ်ကြောင်း သိရသည်။

" သကင်းမီဒီယာတွေကကစ်ဆင့် သတင်းအချက်အလက်တွေကို အချိန်တိုအတွင်း လူအမြောက်အပြားထံကို ရောက်ရှိစေတာကြောင့် H5N1 နဲ့ H7N9 နှစ်မျိုးစလုံးကို ကြုတင်ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ရာမှာ သတင်းမီဒီယာက အစွမ်းတက်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုက ရပ်တည်ပါဝင်နေပါတယ်။ ဒ့ါကြောင့် ဒီသင်တန်းကို ပို့ချဖြစ်တာပါ"ဟု Prevent Project မှ တာဝန်ခံအရာရှိ ဒေါက်တာဝါဝါဟန်က ပြောကြားသည်။

သာမန်အချိန်များနှင့် ရောဂါဖြစ်ပွားချိန်များ၊ ရောဂါပျံ့နှံ့ချိန်များနှင့် တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့ချိန်များအတောအတွင်း မှန်ကန်သည် သတင်းအချက်အလက်များကိုသာပြန့်ဖြူးပေးခြင်းတို့၌ ဖြစ်ပွားမှုများကို ကာကွယ်ရေးတွင် သတင်းမီဒီယာသည် အစိုးရအတွက် အရေးပါသောမိတ်ဖက်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်အကြံပေး ဒေါက်တာသန်းလှက ပြောကြားသည်။

အဆိုပါသင်တန်းတွင် မိတ်ဆက်ခြင်း၊ ပဏာမသင်တန်းရည်မှန်းချက်များ၊ အဖွဲ့သတ်မှတ်ခြင်းများကို ဆွေးနွေးခြင်း၊ သတင်းမီဒီယာ တာဝန်ကိုနားလည်မြင်း၊ H5N1နှင့် H7N9 ဇီဝလုံခြုံရေးအကြောင်း မိတ်ဆက်မြင်း၊ သတင်းမီဒီယာမှ ဩဇာလွှမ်းမိုးနိုင်သော ပရိသတ်များနှင့် အဓိကသတင်းအချက်အလက်များကို ဖော်ထုတ်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ပုံနှိပ်၊ တီဗွီ၊ ရေဒီယို၊ လူမှုရေးမ်ဒီယာ အသီးသီးမှ သတင်းတောက် ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြည်ပခရီးသွားဧည့်သည် ပိုမိုလာရောက်ရေး အီးဗီဇာစနစ်စမ်းသပ်အသုံးပြုမြို

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်မှုပိုမိုလွယ်ကူနိုင်ရေးအတွက် အီးဗီဇာ (evisa)စနစ်ကို စတင်စမ်းသပ်အသုံးပြုနေပြီဖြစ်ရာ ခရီးသွားများအနေဖြင့် သံရုံးသို့ သွားစရာမလိုဘဲ အင်တာနက်ရှိသည့်နေရာ၌ပင် ဗီဇာလျှောက်ထား ရယူနိုင်ပြီဖြစ်သည်။

အီးဗီဇာစနစ်ကို လာမည့် စက်တင်ဘာ ၁ ရက်၌ တရားဝင်စတင်အသုံးပြုရေး စီစဉ်ထားရာ ယခုဩဂုတ် ဒုတိယသီတင်းပတ်မှပင် စမ်းသပ်အသုံးပြုနေခြင်း ဖြစ်သည်။ အီလက်ထရွန်နစ်ဗီဇာစနစ်ကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် ဗီဇာရယူရန် သက်ဆိုင်ရာသံရုံးသို့သွားရောက်ရခြင်းနှင့် စောင့်ဆိုင်းရခြင်းကိစ္စများကင်းဝေးရန် စီစဉ်ခြင်းဖြစ်သည်။

အီးဗီဇာစနစ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန် ဗီဇာလျှောက်ထားပါက ဗီဇာလျှောက်ထားမှု လက်ခံရရှိသည့်နေ့ရက်မှ ငါးရက်အတွင်း ဗီဇာရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဗီဇာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၀ ကို နိုင်ငံတကာအသိအမှတ်ပြုဘဏ်ကတ်များဖြစ်သည့် မာစတာကတ်နှင့် ဗီဇာကတ်များဖြင့် အွန်လိုင်းမှ ပေးချေနိုင်ရန်လည်း ဆောင်ရွက်ထားသည်။

အီးဗီဇာဖြင့် လျှောက်ထားရာတွင် လောလောဆယ်၌ တိုးရစ်ဗီဇာ ၂၈ ရက် တစ်မျိုးသာလျှောက်ထားနိုင်ပြီး ကျန်သည့် ဗီဇာအမျိုးအစားများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားရန် ကြိုးစားလျက်ရှိသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်မှုသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လေကြောင်းမှရောက်ရှိမှုမှာ ခရီးသည် ၅၉၉၀၈၈ ဦးရှိခဲ့ရာ ၂၀၁၃ ခုနှစ် ယင်းကာလအတွင်း လေကြောင်းမှရောက်ရှိခဲ့သည့် ခရီးသည်၄၇၉၄၁၉ ဦးထက် ပိုမိုများပြားခဲ့ရာ ၂၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ထို့အတူ ရေကြောင်းခရီးစဉ်ဖြင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရန်ကုန်မြို့ရောက်ရှိခဲ့သည့် ခရီးသွားဦးရေမှာ ၁၁၀၅၃ ဦးရှိခဲ့ရာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အလားတူကာလအတွင်း ရောက်ရှိခဲ့သည့် ခရီးသွားဦးရေ ၁၅၅၂ ဦးထက် ၉၅၀၁ ဦး ပိုမိုများပြားခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းတွင် ဖော်ပြထားသည်။

တစ်ဖန် နယ်စပ်များမှ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုမှာ ၂၀၁၄ ဇန်နဝါရီမှ ဇူလိုင်လကုန်အထိ ရောက်ရှိမှုများပြားခဲ့ရာ ယခု အီးဗီဇာစနစ်ကြောင့် ခရီးသွားဧည့်သည်များ ဝင်ပေါက်အသီးသီးမှ ပိုမိုလာရောက်တော့မည်ဖြစ်သည်။

သတင်း-အာကာဟိန်း
ဓာတ်ပုံ-အေးကေလင်း

ပြည်တွင်းသတင်း

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၆

ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းပြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သားသံဃာတော်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် ဇနီးဒေါ်စဝ်နွန်းခွန်ဆမ်တို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဒါန်းသည် လှူဖွယ်ပစ္စည်းများနှင့် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးစဝ်နွန်းခွန်ဆမ်တို့ ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

သရက် ဩဂုတ် ၁၆

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)အရ သရက်ခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၄)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ မှ ၁၅ ရက်အထိ ကျင်းပခဲ့သည်။

သင်တန်းသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ခြောက်မြို့နယ်အတွင်းရှိ သရက်၊ အောင်လံ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ ကံမမြို့များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဒုတိယအုပ်ချုပ်ရေးမှူး၊ ဒုဦးစီးမှူး ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းတွင် ခေါင်းဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘာသာရပ်အလိုက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ပြီး ပြန်လည်ဆန်းစစ်ဆွေးနွေးခြင်းများပြုလုပ်၍ ဩဂုတ် ၁၅ ရက် နံနက်က သင်တန်းဆင်းခဲ့ကြောင်းသိရသည်။ **ပေါက်ကလေး(သရက်)**

တိုင်းရင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနေသည့် ခေတ်မီမော်တာစက်ချုပ်သင်တန်း

သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက နယ်စပ်ဒေသ ကျေးလက်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီမော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်၊ အထည်ချုပ်စက်ရုံမန်နေဂျင်းဒါရိုက်တာနှင့် သင်တန်းဆင်းကျောင်းသူတစ်ဦးတို့၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်။

ဦးစံရွှေအောင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

"ကျွန်တော်တို့ဒီအထည်ချုပ်စက် သင်တန်း ဖွင့်လှစ် ရခြင်း အဓိက ရည်ရွယ်ချက် ကတော့ ဇွန်လ ၁၀ ရက်မှာ နိုင်ငံတော်သမ္မတကြီးက Third Wave လုပ်ငန်းစဉ်တွေကို လမ်းညွှန်မှာကြားခဲ့ရာမှာပါရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ဖို့နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ဆိုတဲ့ ရည်မှန်းချက်လမ်းညွှန်မှုကိုခံယူပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒီလိုပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးမို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီးတော့ နယ်စပ်ဒေသတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အိမ်တွင်းမှုသင်တန်းကျောင်း ၃၇ ကျောင်း ဖွင့်လှစ်ထားပါတယ်။ ဒီကျောင်းတွေကို ၁၉၉၂ ခုနှစ်ကနေပြီးတော့ အခုအချိန်အထိ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွေကို ညှပ်တဲ့အဆင့်ကနေပြီး ကိုယ်တိုင်စက်ချုပ်ပြီးတော့ ဈေးကွက်တွေမှာ ဆိုင်ဖွင့်နိုင်တဲ့အထိ၊ လုပ်ကိုင်စားနိုင်တဲ့အထိ သင်တန်းပေးထားတဲ့ တိုင်းရင်းသူပေါင်း ငါးသောင်းလောက်အထိ ရှိပြီဖြစ်ပါတယ်။

အဲဒီထဲကမှ တော်တဲ့သမီးငယ်တွေကို အထည်ချုပ်စက်ရုံတွေမှာ အလုပ်လုပ်ချင်သူတွေကို ဆန္ဒတောင်းယူပြီး အခုနှစ်ပတ်သင်တန်းအပြစ် အထည်ချုပ်စက်ရုံတွေမှာ လိုပ်ကိုင်နေတဲ့စက်တွေနဲ့ သင်တန်းပေးခဲ့ပါတယ်။

အခုလို လေ့ကျင့်သင်ကြားပေးဖို့အတွက် မြန်မာနိုင်ငံအထည်ချုပ်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေနဲ့ တိုက်ရိုက်ဆွေးနွေးပြီး ဆောင်ရွက်ပေးတာဖြစ်တယ်။ တိုက်ရိုက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနဲ့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့ရဲ့ အနီးကပ်ညွှန်ကြားမှုနဲ့ အပတ်စဉ်(၁)ခုအပြစ် အပ်ချုပ်စက်မော်တာ အလုံး ၁၀၀ နဲ့ နယ်စပ်ဒေသတွေက တိုင်းရင်းသူကျောင်းဆင်းသမီးငယ်တွေကို ခေါ်ယူပြီး နိုင်ငံတော်အသုံးစရိတ်နဲ့ လေ့ကျင့်သင်ကြားပေးပါတယ်။ အဲဒီနောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှာ အလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး အထည်ချုပ်လုပ်ငန်းရှင်အသင်းရဲ့အစီအစဉ်နဲ့ Myanmar Synergy Garment Co., Ltd. အထည်ချုပ်စက်ရုံမှာ ဝန်ထမ်းအဖြစ် ဒီကနေ့မှာ လွှဲပြောင်းတာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။

အခုလိုဆောင်ရွက်ပေးခြင်းဟာ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ချက်မှာပါတဲ့ နယ်စပ်ဒေသ ကျေးလက်ပြည်သူတွေ အပါအဝင် မြို့ပြဆင်းရဲသူများရဲ့လူနေမှုဘဝဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ဆိုတဲ့ ရည်မှန်းချက်တာဝန်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးခြင်းကြောင့် နယ်စပ်ဒေသများမှာ ရှိတဲ့ ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုတဲ့အတွက် အလွန်ပဲ အကျိုးရှိစေမှာ ဖြစ်ပါတယ်။

အခုလို အစီအစဉ်မျိုးကို နှစ်ပတ်တစ်ကြိမ် သင်တန်းသူ ၁၀၀ နှုန်းနဲ့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒီလိုအကောင်အထည်ဖော်ခြင်းပြင့် နောက်ထပ်သင်တန်းသူ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်စတဲ့ သင်တန်းသူများ များသထက် များလာပြီဆိုရင် အဲ့ဒီဒေသမှာရှိတဲ့ သူတို့ရဲ့ မိဘတွေ၊ ပတ်ဝန်းကျင်တွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်" ဟု ပြောကြားသွားသည်။

ဒေါက်တာမင်းဂေါင်ဦး
မန်နေဂျင်းဒါရိုက်တာ
Myanmar Synergy Garment Co., Ltd.
အထည်ချုပ်စက်ရုံ

"ဒီသင်တန်းသူတွေကိုအလုပ်ခန့်ရတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာ အလုပ် အကိုင် အခွင့် အလမ်းတွေ ဖွံ့ဖြိုးတိုးတက် စေဖို့ အတွက် အလုပ် အကိုင် အခွင့် အလမ်း တွေ ဖန်တီးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ စက်ရုံမှာ ဧရာဝတီတိုင်းဒေသကြီးက ကလေးတွေကို အလုပ်ခန့်အပ်ပေးထားတယ်။ ဒီကလေးတွေကလည်း သူတို့ရဲ့မိဘနေအိမ်တွေကို အလုပ်လုပ်ရာမှရရှိတဲ့ ငွေကြေးများထောက်ပံ့ပေးနေတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့်မို့လည်း ဒီသင်တန်းဆင်းတိုင်းရင်းသူတွေကိုလည်း မိဘများထံ ထောက်ပံ့ငွေများ ပြန်လည်ပို့မယ်လို့ယုံကြည်တယ်။ နိုင်ငံအတွက်လည်း တိုးတက်ကောင်းမွန်စေပါတယ်။

ဒီအထည်ချုပ်အလုပ်သမားလေးတွေ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးပေးခန်းဖွင့်လှစ်ထားတယ်။ သူနာပြုဆရာမနှစ်ဦးလည်း ထားပေးထားတယ်။ ကျွန်တော်ကလည်း ဆရာဝန်တစ်ဦးဖြစ်တဲ့အတွက် လိုအပ်တဲ့အခါမှာ ကူညီဆောင်ရွက်ပေးပါတယ်။ သူငယ်ချင်းဆရာဝန်များကိုလည်း အကူအညီတောင်းပြီး အခါအားလျော်စွာ ကျန်းမာရေးကိစ္စတွေကို ဆောင်ရွက်ပေးပါတယ်။

ဒီတိုင်းရင်းသားကလေးတွေ အခုသင်တန်းကနေထွက်လာပြီးတဲ့အခါ လိုအပ်ချက်တွေရှိခဲ့ရင် ကျွန်တော်တို့က အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမှာပါ။

အခု ဒီသင်တန်းဟာ နှစ်ပတ်သင်တန်းဖြစ်ပြီး ၁၀ ရက်ကြာပြင်မှာပါ။ ကျွန်တော် အခုဒီသင်တန်းသူတွေကို အလုပ်မခန့်မီ သင်တန်းကို လာရောက်လေ့လာခဲ့ပါတယ်။ ကျွန်တော်ရဲ့ အထည်ချုပ်စက်ရုံအတွက် အဆင်ပြေမယ်လို့ သတိပြုမိတဲ့အတွက် အခုလို အလုပ်ခန့်ရတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သင်တန်းဆင်း မဥမ္မာထွန်း
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့

ဒီသင်တန်းကို အိမ်တွင်းမှု သင်တန်းကျောင်းတွေမှာ အခြေခံ အိမ်တွင်းမှု သင်တန်း၊အဆင့်မြင့် စက်ချုပ် သင်တန်းအောင်မြင်ပြီးသူ တွေ ကို ရွေးချယ် စေလွှတ်တာ ဖြစ်ပါတယ်။ ဒီသင်တန်းကို တက်ရောက်ရတဲ့အတွက် ခေတ်မီမော်တာအပ်ချုပ်စက်တွေကို ကျွမ်းကျွမ်းကျင်ကျင် ချုပ်လုပ်နိုင်ပြီး ဘယ်အထည်ချုပ်စက်ရုံမဆို ကျွမ်းကျင်အထည်ချုပ်ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ အခုလည်း သမီးတို့ကို Myanmar Synergy Garment Co., Ltd. အထည်ချုပ်စက်ရုံက အလုပ်ခန့်အပ်ပြီး ဖြစ်ပါတယ်။

ဒီသင်တန်းကို တက်ရောက်တဲ့အတွက် ကုန်ကျစရိတ်မရှိပါဘူး။ နိုင်ငံတော်က ဒီသင်တန်းကို လာတဲ့ခရီးစရိတ်၊ နေထိုင်စားသောက်မှုနဲ့ သင်ထောက်ကူပစ္စည်းတွေ အခမဲ့ထောက်ပံ့ပေးတယ်။ နေထိုင်ရေးအတွက် အိမ်ဆောင်တွေမှာတစ်ဦး ခုတင်၊ စားပွဲ၊ ကုလားထိုင်၊ သေတ္တာတွေ စီစဉ်ဆောင်ရွက်ပေးထားပြီး သင်ကြားရေးအတွက် တစ်ဦးကို မော်တာအထည်ချုပ်စက်တစ်လုံးနဲ့ သင်ထောက်ကူပစ္စည်းတွေလည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

နေ့စဉ် နံနက် ၆ နာရီမှာ တန်းစီလူစစ်ပြီး ကျောင်းဝင်းအတွင်း လမ်းလျှောက်တာ၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း တွေပြုလုပ်ရပါတယ်။ နံနက် ၈ နာရီကနေ နံနက် ၁၁ နာရီအထိ သင်ခန်းစာတွေ သင်ကြားရတယ်။ နံနက် ၁၁ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ ထမင်းစားချိန် သတ်မှတ်ပေးပါတယ်။ မွန်းတည့် ၁၂ နာရီကနေ ညနေ ၄ နာရီအထိ စာသင်ချိန်၊ ညနေ ၄ နာရီခွဲမှာ တန်းစီလူစစ်ပြီး ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရတယ်။ ည ၇ နာရီ ကနေ ၈ နာရီအထိ စာသင်ခန်းမှာသင်ကြားခဲ့ပြီးတဲ့ သင်ခန်းစာတွေကို ပြန်လည်လေ့ကျင့်ရတယ်။ တီဗွီ၊ ဗီဒီယိုတွေလည်း ပြသပေးပါတယ်။

သမီးအနေနဲ့ ဒီသင်တန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ နေထိုင်တဲ့ တိုင်းရင်းသားညီအစ်မတွေ အားလုံးအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိတဲ့အတွက် လာရောက်တက်ရောက်သင်ကြားစေလိုပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပဲခူးတွင် အစည်းအဝေးအတွေ့အကြုံထပ်ဆင့်ရှင်းလင်း

ပဲခူး ဩဂုတ် ၁၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ၏ သတ္တမအကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ထပ်ဆင့်ရှင်းလင်းမှာကြားပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၈-၂၀၁၄

ရွှေဈေးနှုန်း

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၈၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀

စက်သုံးဆီဈေးနှုန်း (Max Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (ကျပ်/ပိဿာ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၁၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၂
ယူရို	တစ်ယူရို	၁၃၂၅-၁၃၄၀
ဝင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန် (ဧည့်သည်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၇၀၀
ကြက်သွန်ဖြူ (တရုတ်)	တစ်ပိဿာ	၁၃၆၅-၁၃၇၅
အာလူး (ရှမ်း)	တစ်ပိဿာ	၂၈၀-၇၀၀
ငရုတ်ရှည်	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ(?) တင်ပြသည်။

ညောင်လေးပင်မြို့ရှိ သဒ္ဓမ္မဝိလာသိနီသိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးညှိနှိုင်းဆွေးနွေး

ညောင်လေးပင် ဩဂုတ် ၁၆

ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာသည် စစ်တောင်းမြစ်ကမ်းဘေးတွင်တည်ရှိပြီး နှစ်စဉ်စစ်တောင်းမြစ်ရေတက်သဖြင့် ရေကြီးခြင်း၊ မိုးအဆက်မပြတ် ရွာသွန်းခြင်း သဘာဝဘေးဒဏ်များကို မကြာခဏဆိုသလို ကြုံတွေ့ခဲ့ရသည်။ အဆိုပါ သောင်ကြီးကျေးရွာရှိ သာသနာ့ဝေပုလ္လကျောင်းတွင် သတင်းသုံးနေထိုင်တော်မူသော သံဃာတော်များ၏ အားထားရာ သဒ္ဓမ္မဝိလာသိနီ သိမ်တော်ကြီးသည် နှစ်ပေါင်း ၄၀ ကျော်ကြာမြင့်ပြီး သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းကာ ပြန်လည်ပြုပြင်တည်ဆောက်ရမည့်အခြေအနေသို့ရောက်ရှိနေပါသဖြင့် သိမ်တော်ပြုထုပ်တည်ဆောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ ရက်က သာသနာ့ဝေပုလ္လကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သိမ်တော်ကြီး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ယခုတစ်ဖန် သိမ်တော်တည်ဆောက်ရာတွင် ယခင်လို တစ်တပ်သိမ်တော်မဟုတ်ဘဲ နှစ်တပ်သိမ်တော်တည်ဆောက်မှသာလျှင် ရေရှည်အတွက် ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး သောင်ကြီးကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးကျော်ဟိုး အပါအဝင် တက်ရောက်လာကြသောကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ သိမ်တော်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် ရပ်ဝေးရပ်နီးရှိ အလှူရှင်များ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင် ဖုန်း -၀၉ - ၄၉၇၆၂၀၄၈၊ သောင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်ဟိုး ဖုန်း-၀၉-၄၂၀၁၅၃၉၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၈)**

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရန် Oil &Gas Myanmar 2014 ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရန် အထောက်အကူပြုစေမည့် Oil & Gas Myanmar 2014 ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

လောင်စာဆီ၊ ဓာတ်ငွေ့တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်သန့်စင်ခြင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်များ၏ ကုန်စည်ပြပွဲသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ဝင်ရောက်ရန်ကြိုးစားနေသည့် ပြည်ပရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအတွက် ကြီးမားကျယ်ပြန့်သော ပလက်ဖောင်းအဖြစ်လည်း ရောက်ရှိစေမည်ဖြစ်သည်။

နိုင်ငံတကာမှ လုပ်ငန်းပေါင်း ၆၀ ကျော်ပါဝင်ပြသမည်ဖြစ်ပြီး စင်ကာပူအခြေစိုက် ကုမ္ပဏီ ၂၀ လည်းပါဝင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍမှာ အလွန်ကြီးမားတဲ့ အခွင့်အလမ်းတွေအများကြီး ရှိနေပါတယ်။ ဒီပြပွဲဝင်ရောက်ခြင်းမှာ မြန်မာ့ဈေးကွက်ထဲကို ဦးဆောင်မှုစတင်ရရှိဖို့ မျှော်လင့်ထားတယ်"ဟု ASMI ၏အမှုဆောင်ဒါရိုက်တာ Winnie Low က ပြောသည်။

Oil & Gas Myanmar 2014 ပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ ဈေးကွက်တွင်ဖြစ်နိုင်ခြေရှိသည့် လိုအပ်ချက်များကို သတိပြုမိစေမည်ဖြစ်ပြီး နိုင်ငံတကာက ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများကို မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်ရေး အထောက်အကူပြုစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၇၂ ဘီလီယံရှိခဲ့ရာ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း၏ ၃၃ ဒသမ ၄၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှု၌ လျှပ်စစ်စွမ်းအင်ပြီးလျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။ **ကောင်းမြတ်သူ**

အလှစိုက်ကြမလား မြန်မာ့ရွှေဝါး

ပြင်ဦးလွင် ဩဂုတ် ၁၆

ဝါးကို လူတိုင်းသိရှိသကဲ့သို့ ဝါးဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများကိုလည်း သုံးစွဲဖူးကြပေမည်။ ဝါးမှစားသုံးရန် မျှစ်၊ လူအသုံးအဆောင် ပစ္စည်းများရရှိသည့်အပြင် နေထိုင်ရန်အတွက်လည်း ဝါးပင်များသည် အသုံးဝင်လှသည်။ ထိုမျှမက ယခုအခါ ဝါးပင်များကို အိမ်ခြံဝင်းများတွင် ပန်းပင်များကဲ့သို့ အလှစိုက်ပျိုးလာကြသည်ကို တွေ့ရှိလာရသည်။

ဝါးပင်သည် သစ်ပင်နှင့်တူသော မြက်ပင်မျိုးရိုးနွယ်ဖြစ်ပြီး အံ့သြဖွယ်ကောင်းစွာပင် လှပကြသည်။ အာရှတိုက်၊ အာဖရိကတိုက်နှင့် အမေရိကတိုက်တို့တွင် ဝါးအမျိုးအစားပေါင်း ၅၀၀ ကျော် ပေါက်ရောက်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ဝါးမျိုးပေါင်း ၂၀၀ ခန့်ပေါက်ရောက်ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ လူသိများတင်ရှားသော ဝါးမျိုး များမှာ ဝါးပိုး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးယား၊ သိုက်ဝါး၊ မျက် ဆန်ကျယ်၊ တင်းလယ်မဲ၊ တင်းဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ဝါးဖယောင်း၊ ကြသောင်းဝါး၊ မျှင်ဝါး၊ ထီးရိုးဝါး၊ ကြခတ်ဝါး၊ ကြခက်ဖို၊ ကြခတ်မ၊ ဝါးမင်း၊ ခဲတံဝါးတို့ ဖြစ်ကြသည်ဟု သိရသည်။

ထိုဝါးမျိုးများကို အသုံးအဆောင်ပစ္စည်းတုတိလုပ်သုံးစွဲကြသည်မှ လွဲ၍ အလှပင်အဖြစ် စိုက်ပျိုးခြင်းမရှိကြပေ။ အိမ်ခြံဝင်းများနှင့် ပန်းဥယျာဉ်ခြံများတွင် ယခုအခါ ဝါးကို အလှပင်အဖြစ် စိုက်ပျိုးလာကြရာ ဝါးနက်၊ ဝါးမြက်၊ ဂျပန်ဝါး၊ ရွှေဝါးစသည့် ဝါးပင်မျိုးနွယ်များသည်လှပ၍ လူကြိုက်များသော ဝါးပင်များဖြစ်သည်ဟု သိရသည်။ ထိုအထဲတွင် ပိုမိုလှပသော ရွှေဝါးကို စိတ်ဝင်စားပြီး စိုက်ပျိုးသူများကြသည်။ ရွှေဝါးများသည် တစ်ပင်လုံး ရွှေဝါရောင် အဆင်းရှိပြီး ဝါးလုံးတွင် အစိမ်းရောင် ဒေါင်လိုက်မျဉ်းများနှင့် အရွက်ချွန်ချွန်စိမ်းစိမ်းတို့မှာ ပိုမိုလှပပြီး ဆွဲဆောင်မှုရှိနေသည်။

ရွှေဝါးကို စိုက်ပျိုးသူများသည် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ စီးပွားလာဘ်လာဘတိုးတက်လာသည်ဟူ၍လည်း စိုက်ပျိုးသူများထံမှ သိရသည်။ ပန်းဥယျာဉ်မျိုးစေ့မျိုးပင်ဆိုင်များတွင် ရွှေဝါးပင်ကို ပျိုးပင်ပေါက် အဖြစ် တစ်ပင်လျှင် ငွေကျပ် ၈၀၀၀ ကျပ်မှ ၁၀၀၀၀ အတိဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိပြီး ပန်းအိုး နှင့် အစလိုက်စိုက်ပျိုးထားသော ပန်းအိုးတစ်အိုးလျှင် ငွေကျပ် ၃၀၀၀၀ ကျော်အတိ ရောင်းချနေရကြောင်း စိုက်ပျိုးရောင်းချသူတစ်ဦးထံမှ သိရသည်။ ယခုအခါ ရွှေဝါးများကို အလှဆင်ပန်းပင်အဖြစ် လည်းကောင်း၊ စီးပွားလာဘ်လာဘအတွက် လည်းကောင်း၊ အိမ်ခြံဝင်းအတွင်း ကျက်သရေတိုးမြှင့်စေရန်အတွက် လည်းကောင်း အများအပြားစိုက်ပျိုးလာကြကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ရွှေဝါးများသည် တစ်ပင်လုံး ရွှေဝါရောင် အဆင်းရှိပြီး ဝါးလုံးတွင် အစိမ်းရောင် ဒေါင်လိုက်မျဉ်းများနှင့် အရွက်ချွန်ချွန်စိမ်းစိမ်းတို့မှာ မိုမိုလှပပြီး ဆွဲဆောင်မှုရှိ

ပန်းလောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော် ဥတ္တရသီရိမြို့ ရွှေနံ့သာရပ်ကွက်ရှိ ပန်းလောင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ပန်းလောင်လမ်းနှင့် ပျဉ်းမနား-တောင်ညို လမ်းထောင့်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရေဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဥတ္တရသီရိမြို့ ရွှေနံ့သာရပ်ကွက်ရှိ ပန်းလောင်လမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ (**အပေါ်ပုံ**) ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါဖွင့်လှစ်သည့် ဥတ္တရသီရိမြို့ ရွှေနံ့သာရပ်ကွက်ရှိ ပန်းလောင်လမ်းသည် အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေရှိပြီး ယခင်မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါတွင် သွားလာရန်ခက်ခဲသည်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရွှေနံ့သာရပ်ကွက်ထွင် မြေနီကျောက်စရစ်လမ်းနှင့် ကတ္တရာလမ်းများ ခင်းခြင်း၊ ရေဖြန့်ဝေပိုက်လိုင်းနှင့် ရေပို့ပိုက်များပြုလုပ်ခြင်း၊ ရေပြွန်တံတားတည်ဆောက်ခြင်းနှင့် လမ်းမီးသွယ်တန်းပေးခြင်းများအတွက် ငွေကျပ်သိန်း ၃၂၂၃၀ ကျော် အကုန်ကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင်လည်း ရေမြောင်းများတူးဖော်ခြင်းနှင့် Culvert များ တည်ဆောက်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကြောင့် ရွှေနံ့သာရပ်ကွက်ရှိ ပြောင်းရွှေ့ကျေးရွာ ခြောက်ရွာမှ အိမ်ခြေ ၁၂၃၉ ရှိ လူဦးရေ ၄၅၀၀ ကျော် ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေး

မုံရွာ ဩဂုတ် ၁၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်သည် ဩဂုတ် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး မုံရွာမြို့တွင် ကျင်းပသော တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၁၁ခု ဧပြီ ၁ ရက်မှစ၍ အစိုးရသစ်တာဝန်ယူလာပြီးနောက် ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုသည် တတိယအဆင့်အရှိန်အဟုန် မြှင့်တင်မှုဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ တာဝန်သိမှုအပေါ်မူတည်၍ လုပ်ငန်းအောင်မြင်မှု ရရှိလာမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းအပေါ် တာဝန်ယူမှုတွေ ရှိနေပြီဟုယူဆကြောင်း၊ တန်ဖိုးထားခံရတဲ့သူများ ဖြစ်အောင် တာဝန်သိမှု၊ တာဝန်ယူမှု တာဝန်ခံမှုများကို သိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ Accountability, Transparency ကို ကွဲကွဲပြားပြားသိရှိရန် လိုကြောင်း၊ အလုပ်တစ်ခု အောင်မြင်ရန်အတွက် ကြီးကြပ်သူမှာ တာဝန်ရှိကြောင်း၊ မိမိမှာ ဘာတာဝန်တွေရှိသလဲဆိုတာ သိရှိရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းများ လုပ်ဖို့လိုကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရန် လုပ်ရမည့် လုပ်ငန်းအဆင့်ဆင့်ရှိကြောင်း၊ မိမိတာဝန်ရှိအလုပ်ကို မိမိအလုပ်လို့ သဘောထားရန်လိုကြောင်း၊ အတွေးအခေါ်များ ရင့်ကျက်ပြီး နည်းပညာများ အမြဲမပြတ်ကြိုးစားလုပ်ကိုင် သွားကြစေလိုပါကြောင်း၊ ပြည်သူတို့ လိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ပြီး ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်အောင် လုပ်ဆောင်သွားကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးစိန်မောင်းက နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲမှုများ လုပ်နေကြောင်း၊ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုတွင် မတူတာများပယ်ပြီး၊ တူတာများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေး လုပ်ကိုင်ကြစေလိုကြောင်း၊ အုပ်ချုပ်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုမှာ တစ်ဦးတစ်ယောက်တည်း ပြုလုပ်၍ မရနိုင်အဖွဲ့အစည်းနှင့် လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ရိုးသားမှုကို အခြေခံပြီး ကြိုးစားမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်သိမှုရှိရမည်ဖြစ်ပြီး စေတနာထား လုပ်ကိုင်ကြရန် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ တက်ရောက်သူများ၏ မေးမြန်းချက်များအပေါ် အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

နေလင်းအောင်(မုံရွာ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် 100 PLUS တို့ စပွန်ဆာစာချုပ်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) နှင့် 100 PLUS တို့၏ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲနှင့် MFF 100 PlUS U-15 Super Cup 2014 ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက MFF ရုံး၌ ကျင်းပသည်။

ရေဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကားပြောကြားပြီး 100 PLUS Myanmar မှ Country Manager Mr.Graham က စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် Mr.Graham တို့ စပွန်ဆာစာချုပ်၌ လက်မှတ်ထိုးပြီး အသိသက်သေအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးမိုးကျော်နှင့် F & Foods Pte.Ltd မှ Brand Manager ဒေါ်သင်းသင်းထွန်းတို့က လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးမိုးကျော်တို့က Mr. Graham ကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

စာချုပ်ချုပ်ဆိုပွဲအပြီးတွင် ပြိုင်ပွဲနှင့်ပတ်သက်သည် သတင်းစာရှင်းလင်းပွဲကိုပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကျင်းပရန် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားသည်။ MFF 100 PLUS U-15 Super Cup 2014 ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ပြီး အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် မြန်မာဘောလုံးအကယ်ဒမီ (က) အသင်း၊ (ခ)အသင်း၊ ဧရာဝတီဘောလုံးအကယ်ဒမီအသင်း၊ မျိုးဆက်သစ်လူငယ်(တောင်ကြီးအသင်း)၊ စပါစတားလူငယ်(မန္တလေး)အသင်း၊ အုပ်စု(ခ)တွင် အား/ကာသိပ္ပံ (မန္တလေး)၊ ပုလိပ်လူငယ်(မန္တလေး)၊ ဘိုကလေးလူငယ် (ဧရာဝတီ)၊ မြန်မာဘောလုံးအကယ်ဒမီ(ဂ) နှင့် နေပြည်တော်အကယ်ဒမီတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ဆီမီးပွဲစဉ်များကို စက်တင်ဘာ ၁၅ ရက်၊ တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-စိုးညွန့်

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်နိုက်ပျိုးကြ

ဖခင်အမည်မှန်

မ/ဥက္ကလာပမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း S.2 တွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်လင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလင်း ၈/မကန(နိုင်)၀၀၀၃၅၇ ဖြစ်ပါကြောင်း။

ဦးစိုးလင်း

အမည်ပြောင်း

ဦးမြင့်သိန်း ၇/တငန(နိုင်)၀၀၅၉၇၆ ၏သမီး တောင်ငူမြို့၊ အထက(နတ်စင်ကုန်း)၊ တက္ကသိုလ်ဝင်တန်း(E)မှ မခိုင်ဇာသွယ် ၁၃/ကတန(နိုင်)၁၆၄၆၇၁ အား မဆုရွှန်းလဲ့ထွန်းဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

မဆုရွှန်းလဲ့ထွန်း

အမည်ပြောင်း

ရွှေညောင်မြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(E)မှ မရှုံရကိုကိုအား ယနေ့မှစ၍ မမေမြတ်ခွန်းချိုဟု ပြောင်းလဲခေါ်ပါရန်။

မမေမြတ်ခွန်းချို

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (ည)၊ မြေကွက်အမှတ်များဖြစ်ကြသော ၂၃၃/က၊ ၂၃၃/ခ၊ ၂၃၄/ကရှိ မြေကွက် (၃)ကွက်၊ အကျယ်အဝန်းစတုရန်းပေ ၁၂၀၀ရှိ မြေကွက်(၃)ကွက်၊ ဧရိယာ ၀ဒသမ၀၂၇၈ဧကရှိ မြေကွက် (၃)ကွက်၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြေကွက်(၃)ကွက်၏ နှစ်၆၀မြေငှားဂရန်စာချုပ်မူရင်း(၃)အုပ် အမည်ပေါက်များဖြစ်ကြသည် (၁) ဒေါ်သန်းရွှေ ၁၂/ဥကမ(နိုင်)၀၅၅၁၈၀(HGU ၀၈၀၉၂၂) အမည်ပေါက်မှလည်းကောင်း၊ (၂) ဦးမြဒင် (ကွယ်လွန်) (AB -၀၃၁၇၀၆) ၁၂/ဥကမ(နိုင်) ၁၄၄၅၁၂၊ (၃)ဦးသိး(ကွယ်လွန်) ၁၂/ဥကမ(နိုင်)၀၈၇၄၂၄ (KNL -၀၄၁၂၃၉)တို့၏ အမည်များဖြင့်တည်ရှိသော မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် -၂၃၃/က၊ ၂၃၃/ခ၊ ၂၃၄/က၊ သုဓမ္မာလမ်းမကြီး၊ (ည)ရပ်ကွက်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်(၃)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်နေထိုင်သူ ဒေါ်သန်းရွှေ ၁၂/ဥကမ(နိုင်)၀၅၅၁၈၀ (HGU ၀၈၀၉၂၂) မှ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ဦးမြဒင် အမည်ပေါက်ပိုင်ဆိုင်သည်မြေကွက်ကို ဦးမြဒင်နှင့်၎င်း၏ဇနီး ဒေါ်အုံးကြည်တို့ အသီးသီး ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှလှဝင်း ၁၂/ဥကမ(နိုင်) ၀၅၅၀၇၇မှ မိမိအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော မြေကွက်အားလည်းကောင်း၊ အမည်ပေါက် ဦးသိးနှင့် ၎င်း၏ဇနီး ဒေါ်တင်လှိုင်တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်အရ ပိုင်ဆိုင်ခွင့်ရှိသူသားများ ဖြစ်ကြသည် ဦးမောင်သန်း ၁၂/ဥကမ(နိုင်)၀၅၅၀၄၀၊ ဦးခင်မောင်ဆန်း ၁၂/ဥကမ(နိုင်)၀၅၅၀၇၉၊ ဦးခင်မောင်ထွေး ၁၂/ဥကမ(နိုင်)၁၅၃၂၄၆၊ ဦးခင်မောင်ဌေး(ကွယ်လွန်)သွားသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းမော် ၁၂/ဥကမ(နိုင်)၀၅၉၉၅၉ စသည်တို့မှ မိမိတို့နေထိုင်ပိုင်ဆိုင်ထားသည် အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ မြေကွက် (၃)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုသော မြေကွက်(၃)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးခင်မောင်လတ် LL.B တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၅)၊ အခန်း (၈) ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၄၂၀၀၂၈၅၆၊ ၀၉-၄၂၀၀၆၁၅၆၉

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာတို့ သိမ်းပိုက်မယ့် ဂျိုအန်ဂမ်ပါဖလား

မိုးမြင့်လင်းလက်

ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲတွေကတော့ အပြိုင်အဆိုင် တာထွက်တော့မှာ ဖြစ်ပါတယ်။ အဲဒီပွဲတွေနဲ့ အပြိုင် ကမ္ဘာ့ထိပ်တန်းကလပ် ဘာစီလိုနာရဲ့ ရာသီအကြိုဖိတ်ခေါ်ပြိုင်ပွဲဖြစ်တဲ့ ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကိုလည်း ဩဂုတ် ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေတာမို့ ဖလားလုပွဲမှာ ဘာစီလိုနာရဲ့ခြေစွမ်းကို ပရိသတ်တွေ အကဲခတ်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

ဒီနှစ် ဂျိုအန်ဂမ်ပါဖလားပွဲမှာတော့ အီမ်ရင် ဘာစီလိုနာနဲ့ မက္ကဆီကို ထိပ်တန်းကလပ် လီယွန်တို့ ယှဉ်ပြိုင်ကြမှာမို့ ကြည့်ကောင်းမယ့်ပွဲလည်းဖြစ်ပါတယ်။ ဂျိုအန်ဂမ်ပါဖလားပွဲဟာ ရာသီအကြို ဖိတ်ခေါ်ပြိုင်ပွဲတစ်ရပ်အဖြစ် ဘာစီလိုနာတို့က ကျင်းပခဲ့တာဖြစ်ပြီး ပရီမီယာလိဂ်ကလပ် အာဆင်နယ်ရဲ့ အီမရိက်ဖလား ဖိတ်ခေါ်ပြိုင်ပွဲလို ကျင်းပခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဂျိုအန်ဂမ်ပါဖလားပြိုင်ပွဲကို ၁၉၆၆ ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းက ဂျိုအန်ဂမ်ပါဖလားကို စုစုပေါင်း ၃၆ ကြိမ် ရရှိခဲ့ပါတယ်။ ကိုလုံးအသင်းက စုစုပေါင်း နှစ်ကြိမ်ရရှိပြီး ဖလားတစ်ကြိမ်စီ ရရှိထားတဲ့အသင်းက ၁၀ သင်းရှိပါတယ်။

ရာသီအကြို ပြင်ဆင်မှုအနေနဲ့ ဘာစီလိုနာအသင်းဟာ ဂျိုအန်ဂမ်ပါဖလားပွဲကို အလေးအနက်ထား ပြင်ဆင်ကစားလေ့ရှိပြီး အမာခံကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်လေ့ရှိပါတယ်။ အခုပွဲမှာလည်း ဘာစီလိုနာရဲ့ အကောင်းဆုံးကစားသမားတွေစုဖွဲ့ပြီး ပွဲထွက်လာမှာ သေချာပါတယ်။

ဘာစ်လိုနာအသင်းရဲ့ နည်းပြအင်းနရစ်ကတော့ အသင်းကို ဗျူဟာအခင်းအကျင်း၊ ပွဲထွက်ကစားသမားနဲ့ ကစားကွက်နည်းစနစ်သစ်တွေနဲ့ ပြောင်းလဲအထိုင်ချဖို့ ကြိုးစားနေလို့ ရာသီအကြိုခြေစမ်းပွဲတွေမှာ ရလဒ်ဆိုးရွားမှုတွေနဲ့ ထိတွေ့ခဲ့ရတာကြောင့် ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ဒါပေမယ့် ဘာစီလိုနာရဲ့ အစဉ်အလာအတိုင်း ပြိုင်ဘက်တွေကို အနိုင်ယူတတ်တဲ့ စိတ်ဓာတ်အပြည့်နဲ့ ကြိုးစားပါလိမ့်မယ်၊ ဘာစီလိုနာရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နီးစ်အသင်းနဲ့ ဂိုးမရှိသရေ၊ နာပိုလီအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးပြီး ဟယ်ဆင်ကီးအသင်းကိုတော့ ခြောက်ဂိုးပြတ် အနိုင်ရခဲ့ပါတယ်။

မက္ကဆီကိုကလပ် လီယွန်းကတော့ ခြေစွမ်းပိုင်းအားနည်းချက်ရှိပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ချီတာပတ်စ်အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးပြီး မီတာပန်အသင်းကိုတော့ လေးဂိုးနှစ်ဂိုးနဲ့နိုင်ခဲ့သလို မွန်ရီလီယာအသင်းကိုလည်း လေးဂိုးပြတ်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ဘာစီလိုနာဟာ ရာသီအကြိုဖလားဖြစ်တဲ့ ဂျိုအန်ဂမ်ပါဖလားကို ဂိုးပြတ်နဲ့ သိမ်းပိုက်နိုင်မလားဆိုတာ စောင့်ကြည့်အားပေးရမှာဖြစ်ပါတယ်။

ငွေကြေးစံချိန်တင်သုံးတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ

လူအများ စိတ်ဝင်စားနေတဲ့ ၂၀၁၄-၂၀၁၅ ပရီမီယာလိဂ်ဘောလုံးရာသီကို ဩဂုတ် ၁၆ ရက်ညပိုင်းက ဖွင့်လှစ်လိုက်ပါပြီ။ ဒီနှစ် ပရီမီယာလိဂ်ဟာ ယခင်နှစ်ကနဲ့ မတူပါဘူး။ ထိပ်တန်းပြိုင်ဖက် အသင်းတွေရဲ့ ပြင်ဆင်မှုတွေဟာ အလွန်အားကောင်းလာတာ တွေ့ရပါတယ်။ ကစားသမားခေါ်ယူမှုတွေကိုလည်း ဒီနှစ်ရာသီမှာ ခါတိုင်းနှစ်တွေကထက် ငွေကုန်ကြေးကျ အကုန်အကျခံမှု များခဲ့ပါတယ်။ စုစုပေါင်း အင်္ဂလန်ထိပ်တန်းကလပ်အသင်း ၂၀ ရဲ့ ဒီနှစ်ရင်းနှီးမြှုပ်နှံမှုဟာ ပေါင် ၆၄၇ သန်းရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ နွေရာသီကထက် ၁၇ သန်းပိုသုံးထားတယ်လို့ ဆိုပါတယ်။

မန်ယူနည်းပြသစ် ဗန်ဟားစ်အနေနဲ့အဖွင့်ပွဲမှာ ဆွမ်ဆီးနဲ့ယှဉ်ပြိုင်ခဲ့ရပြီး ချယ်လ်ဆီးကတော့ ဒီနှစ်ရာသီမှာ ဖလားဆွတ်ခူးဖို့ ရေပန်းစားနေပါတယ်။ လက်ရှိ ချန်ပီယံ မန်စီးတီးကလည်း အကောင်းဆုံးပြင်ဆင်ထားတဲ့ အနေအထားပါပဲ။ ဒီကြားထဲက မန်ယူရဲ့ ဗန်ဟားစ်က မန်ယူကို ဘယ်လိုအောင်မြင်မှုတွေ ရှာဖွေပေးမလဲဆိုတာကတော့ ပရိသတ်တွေ အလွန်စိတ်ဝင်စားနေတာပါ။ ဒီနှစ်ရာသီ ပရီမီယာလိဂ်ရဲ့ နည်းပြသစ်လေးဦးထဲမှာတော့ ဗန်ဟားစ်ကတော့ ရေပန်းစားဆုံးနည်းပြပါပဲ။ အလက်ဇ်ဆန်ချက်ဇ် အပါအဝင်ကစားသမား ၁၀ ဦးကို ပေါင် သန်း ၂၀ အကုန်အကျခံ ခေါ်ယူထားပါတယ်။

အာကာကျော်

မာတီဆက်ကာ

ဂျာမနီကစားသမားအဖြစ်မှ နား

ပီတာမာတီဆက်ကာသည် ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ဂျာမန်အသင်းမှ အနားယူသွားခဲ့သော တတိယမြောက် ဂျာမန်ကစားသမားဖြစ်လာသည်။ အသက် ၂၉ နှစ်ရှိ အာဆင်နယ် နောက်တန်းကစားသမား ပီတာမာတီဆက်ကာသည် ၁၀ နှစ်ကြာ လက်ရွေးစင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပြီးနောက် အနားယူသွားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပွဲပေါင်း ၁၀၄ ပွဲ ပါဝင်ကစားခဲ့ပြီး ဖီလစ်လမ်းနှင့် ကလိုဆေးတို့အပြီး အနားယူသွားခဲ့ခြင်းဖြစ်သည်။

လိဂ်ပွဲစဉ်များနှင့် ခြေစမ်းပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁)			ဩဂုတ် ၁၇
လီဗာပူး	-	ဆောက်သမ်တန်	ည ၇:၀၀
နယူးကာဆယ်	-	မန်စီးတီး	ည ၉:၃၀

ပြင်သစ်လီဂူး ပွဲစဉ်(၂)			ဩဂုတ် ၁၇/၁၈
မာဆေး	-	မောင့်ပယ်လီယာ	ည ၉:၃၀
စိန့်အက်တီယန်	-	ရိမ်းစ်	ည ၉:၃၀
ဘော်ဒိုး	-	မိုနာကို	နံနက် ၁:၃၀

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			ဩဂုတ် ၁၇/၁၈
အယ်လ်မာရီးယား	-	ကော်ဒိုဘာ	ည ၁၀:၃၀
ဘာလာဒက်စ်	-	အိုဆာဆူနာ	ည ၁၀:၃၀
တီနာရီဗီ	-	အယ်လ်ချီ	ည ၁၁:၃၀
ဓာရာဂိုဇာ	-	ဗီလာရီးရဲလ်	နံနက် ၀၀:၃၀
ဗလင်စီယာ	-	အေစီမီလန်	နံနက် ၁:၃၀

ဩဂုတ် ၁၅/၁၆ ဂိုးရလဒ်များ

ကာဒစ်	၀-၁	လိုင်လီ
ဆိုစီဒက်	၁-၀	အီဘာ
ကက်ဒစ်ဇ်	၀-၁	အက်သလက်တီကို
ဝီးနား	၁-၄	ရိုးမား
ဆီဗီလာ	၀-၂	ဆမ်ဒိုးရီးယား
ချမ်နစ်ဇ်	၁၀-၉	မိန့်ဇ်
ဝယ်ဒယ်ဂျီရှိမ်း	၀-၆	လေဗာကူဆင်
ဒူးစ်ဘတ်	၁-၀	နုရင်ဘတ်

ကိုလံဘီယာကစားသမား ဗီလာခေါ်ယူ

အက်စ်တွန်ဗီလာအသင်းက အီချီအသင်းမှ ကိုလံဘီယာနာမည်ကြီး ကွင်းလယ်ကစားသမား ကားလို့စ်ဆန်ချက်ဇ်အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ကိုလံဘီယာကစားသမား ဆန်ချက်ဇ်အား ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ အက်စ်တွန်ဗီလာကခေါ်ယူခဲ့ခြင်းဖြစ်သည်။ အသက် ၂၈ နှစ်ရှိ ဆန်ချက်ဇ်သည် ဘရာဇီး၌ကျင်းပသော ကမ္ဘာ့ဖလားတွင် ကိုလံဘီယာအသင်းနှင့်အတူ ပါဝင်ကစားခဲ့ပြီး ကွာတားဖိုင်နယ်အထိ ပို့ပေးနိုင်ခဲ့သည်။

မာရေး ဖက်ဒဲရားကို ရှုံးနိမ့်

စင်စင်နာတီဖလားတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး အင်ဒီမာရေးသည် ကမ္ဘာ့နံပါတ် ၃ အဆင့်ရှိ ရော်ဂျာဖက်ဒဲရားအား ၆-၃၊ ၇-၅ဖြင့် ရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည်။ ဖက်ဒဲရားသည် ဇူလိုင်လက ဝင်ဘယ်ဒန်ဆီမီးတွင် တွေ့ခဲ့သော ကနေဒါကစားသမား မီလော့ရောနစ်နှင့် စိတ်မကျေပွဲ ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် Open Tender

တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါတက္ကသိုလ်နှင့် သိပ္ပံများတွင် ဆောင်ရွက်မည် အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် Open Tender တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)
(က) Office (Building No 1) ပြုပြင်ခြင်းလုပ်ငန်း
(ခ) 3200 Gal Ground Tank
(ဂ) Teacher's Hostel (Building No 6) ပြုပြင်ခြင်းလုပ်ငန်း
(ဃ) Box Culvert (5) Nos ပြုပြင်ခြင်းလုပ်ငန်း
(င) Pump House ပြုပြင်ခြင်းလုပ်ငန်း
(စ) Classroom (Building No 2) ပြုပြင်ခြင်းလုပ်ငန်း
(ဆ) Classroom (Building No 3) ပြုပြင်ခြင်းလုပ်ငန်း
(ဇ) Classroom (Building No 4) ပြုပြင်ခြင်းလုပ်ငန်း
(ဈ) Classroom (Building No 5) ပြုပြင်ခြင်းလုပ်ငန်း
(ည) Teacher's Hostel (Building No 7) ပြုပြင်ခြင်းလုပ်ငန်း
(ဋ) Steel Trestel (2 Nos)
(ဌ) Drain, Water Supply Work
(ဍ) Over Head Power Line
(ဎ) Internal Electrical လုပ်ငန်း

၂။ အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း)
(က) (၁၆၀'×၃၀') နှစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ခ) (၁၄၅'×၅၅') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ဂ) (၁၀၀'×၄၇') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(ဃ) (၁၀၀'×၄၇') တစ်ထပ်စာသင်ဆောင်မွမ်းမံခြင်း
(င) (၈၀'×၂၂') ဧည့်ရိပ်သာမွမ်းမံခြင်း
(စ) (၄၂'×၂၂') ကျောင်းအုပ်ကြီးနေအိမ်မွမ်းမံခြင်း
(ဆ) (၆၃'×၂၂') ဆရာမဆောင်မွမ်းမံခြင်း
(ဇ) (17'x17'x40') Overhead Tank
(ဈ) (17'x7'x3') Ground Tank
(ည) Transformer ပြုပြင်ခြင်းလုပ်ငန်း
(ဋ) Overhead Tank

၃။ သက်မွေးပညာသင်ကျောင်း(ရွှေပြည်သာ)
(က) Renovation Of Two Storeyed (230'x150') Building
(ခ) ရေ၊ မီးရရှိရေးလုပ်ငန်း

၄။ အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး)
(က) Computer & Library Department ပြုပြင်ခြင်းလုပ်ငန်း
(ခ) EP Department ပြုပြင်ခြင်းလုပ်ငန်း
(ဂ) EC Department ပြုပြင်ခြင်းလုပ်ငန်း
(ဃ) Civil Department ပြုပြင်ခြင်းလုပ်ငန်း
(င) Mechanical Department ပြုပြင်ခြင်းလုပ်ငန်း
(စ) Science Laboratory Department ပြုပြင်ခြင်းလုပ်ငန်း
(ဆ) Staff Hostel (8 unit) ပြုပြင်ခြင်းလုပ်ငန်း
(ဇ) 2 Storeyed (6 Unit) ပြုပြင်ခြင်းလုပ်ငန်း
(ဈ) WC & Spetic Tank
(ည) White Board (12'x4') & Stage (12'x4'x1'6")

၂။ Open Tender တင်ဒါပုံစံများကို ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

CLAIMS DAY NOTICE

M.V TRANS PACIFIC 5 VOY:NO (378)

Consignees of cargo carried by M.V TRANS PACIFIC 5 VOY: NO (378) are here by notified that the vessel will arrive of about 19-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ မြေကွက်အမှတ် (၂၅၉/အေ)၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧက၊ အကျယ်အဝန်း (အလျား ၂၅ ပေ × အနံ ၇၀ ပေ)၊ စတုရန်းပေ ၁၇၅၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ထုတ်ပေးထားသော ၉-၇-၂၀၁၃၊ မြေငှားစာချုပ်အမှတ်-မ၃/အထူးဂရန်-၀၆၀/၁၃၊ အမှတ်စဉ်အမှတ်-မ၃/ထူး-၀င်စာ (၉၄၄၇)၊ ၃၀-၈-၂၀၁၂ ၏ နှစ် ၆၀ မြေငှားဂရန်စာချုပ်မူရင်းနှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၉၅/အေ)၊ ခေမာသီလမ်း၊ ဂ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နီနီဝင်း (ဘ) ဦးတင်လှိုင် ၁၂/မရက(နိုင်)၁၀၀၇၆၃ မှ မိမိလက်ဝယ်ပိုင်ဆိုင်သော အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ကန့်ကွက်ရန်ရှိပါက အထောက်အထားမူရင်းများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ် LL.B၊ တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၅)၊ အခန်း(၅) ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၄၂၁၀၀၂၈၅၆၊၀၉-၄၂၀၀၆၁၅၆၀၊ ၀၉-၄၂၀၀၆၁၅၆၉

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၂ယ/၅၇၅၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၂/လကန(နိုင်)၁၁၂၁၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ [illegible] (လှိုင်ကော်)

အများသိစေရန်ကြေညာခြင်း

၁၆-၈-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အများသိစေရန် ကြော်ငြာကဏ္ဍ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိသော ကျွန်တော် ဦးဇော်ထွန်းဦးသည် ဇနီးဖြစ်သူအား အထင်အမြင်လွဲမှားပြီး ထည့်သွင်းဖော်ပြခြင်းဖြစ်ပါ၍ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ထွန်းဦး ၁၂/မရက(နိုင်)၁၂၅၁၇၀

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးမင်းနေကျော်ဝင်း၏ မှတ်ပုံတင်အမှတ် ၁၃/အတန(နိုင်)၁၁၁၀၃၅ အစား ၁၃/ကတန(နိုင်)၁၁၁၀၃၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည်အသက်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မကွေးမြို့အခွန်လွတ်ဈေးမှ ရွှေ့လျားဈေးသည်လေးများကြောင့် ဒေသခံပြည်သူများအဆင်ပြေ

မကွေး ဩဂုတ် ၁၆

မကွေးမြို့ ကန်သာရပ်ကွက် အေးစေတီဘုရားအနီး အထက(၁) လမ်းပေါ်ရှိအခွန်လွတ်ဈေးမှတစ်ဆင့် မြို့ပေါ် ၁၆ ရပ်ကွက်နှင့် ကျေးရွာများသို့ စက်ဘီးများ၊ ဆိုင်ကယ်များနောက်တွင် ဈေးခြင်းတောင်းများတင်ဆောင်ကာ ရွှေ့လျား (Mobile) အသွင် တစ်ဆင့်ခံ ပြန်လည်ရောင်းချလျက်ရှိသော ဈေးသည်အင်အား ၄၀၀ခန့်ကြောင့် မိသားစုတာဝန်များပြင့် အချိန်မလုံလောက်သော ဈေးဝယ်ထွက်ရန် အခက်အခဲရှိသော ဒေသခံပြည်သူများအတွက် အကျိုးရှိ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"နံနက် ၁ နာရီကတည်းက ဆိုင်ခင်းပြီး တစ်ဆင့်ခံဈေးသည်တွေအတွက် အသားမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်တွေ တန်ဖိုးအလိုက် ထုပ်ပိုးရပါတယ်။ နံနက် ၂ နာရီလောက်ဆို တစ်ဆင့်ခံ ဈေးသည်လေးတွေ ရောက်လာကြပါပြီ။ သာမန်အချိန်မှာ ဈေးဝယ်သူတွေကိုရောင်းတဲ့ အချိန်အတွယ်နဲ့ ပေါက်ဈေးအတိုင်း ပြန်ရောင်းနိုင်အောင် အသားငါးဆိုရင် တစ်ထုပ်၅၀ ပြတ်၊ ၁၀၀ ပြတ် လျှော့ပေးပါတယ်။ ကျွန်မတို့အတွက်လည်း မနစ်နာသလို အထုပ်ရာနဲ့ချီပြီး ရောင်းရတဲ့သူတွေအတွက်လည်း သိသိသာသာ အပြတ်အစွန်းတွေ ရပါတယ်"ဟု အခွန်လွတ်ဈေးရှိ ဈေးသည်တစ်ဦးက ပြောသည်။

ရွှေ့လျားဈေးသည် ၄၀၀ ခန့်သည် မိမိတို့ကျင်လည်ရာ ဈေးကွက်များအတွင်း ပုံမှန်ဖောက်သည်များ အခိုင်အမာရရှိထားပြီး မိသားစုတစ်စုချင်းအလိုက်လိုအပ်ချက်များ ရောက်ရှိရမည့် အချိန်ဇယားများအတိုင်း တစ်လမ်းဝင်၊ တစ်လမ်းထွက်ဖြင့် အသားကျအဆင်ပြေကာ ဝန်ဆောင်မှုများပေးလျက်ရှိသည်။ "တစ်ဆင့်ခံဈေးသည်တွေကတော့ မြို့ပေါ်ကရော၊ ရွာတွေကပါ အစုံပါပဲ၊ အမြတ်အစွန်းသေချာတဲ့ အလုပ်ဆိုတော့ ဝယ်သူတွေရဲ့သဘောကို နားလည်ရပြီး အချိန်လည်းတိကျရပါတယ်။ နံနက်၂ နာရီလောက် စလိုက်တဲ့ အလုပ်က နံနက် ၉ နာရီလောက်ဆို အိမ်ပြန်နားလို့ရပါပြီ။ အမြတ်အစွန်းကတော့ ငါးထောင်နဲ့ တစ်သောင်းကြား ပုံမှန်ပါပဲ၊ စက်ဘီး၊ ဆိုင်ကယ် အပ်ခပေးရတာကလွဲလို့ ဘာအခွန်အခမှပေးစရာမလိုပါဘူး" ဟု ရွှေ့လျား ဈေးသည်တစ်ဦးဖြစ်သူ မနီလာက ပြောသည်။

မကွေးမြို့ပေါ်တွင် မြို့မဈေး၊ ရန်ကင်းဈေး၊ ရန်ပယ်ဈေး၊ ကန်သာဈေး၊ ပြည်တော်သာဈေး၊ မင်္ဂလာဈေး၊ ညနေဈေး၊ အခွန်လွတ်ဈေး၊ ဆည်မြောင်းဈေးများကို မြည်သူများ အားကိုးအားထားပြုနေရသော်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းနေအရွယ်ကလေးများအတွက် နံနက်ခင်းမြင်ဆင်ချက်ပြုတ်ရာတွင် ဈေးဝယ်ထွက်ရသော၊ ဈေးအတွင်း လိုအပ်ပစ္စည်းများ ရှာဖွေရသော အချိန်များမှာ အချိန်မလုံလောက်မှုကိုဖြစ်စေသော အကြောင်းတစ်ချက်ဖြစ်နေခဲ့သည်။

"အဘွားကတော့ အသက်လည်းကြီးပြီ၊ ဈေးဝယ်မထွက်နိုင်ဘူး၊ ဈေးသည်လေးတွေ အိမ်တိုင်ရာရောက်လာရောင်းပေးတာကိုပဲ ကျေးဇူးတင်လှပြီ"ဟု ဒေသခံအဘွားအိုတစ်ဦးမှ ပြောပြခဲ့ပြီး အခွန်လွတ်ဈေးမှ ရွှေ့လျားဈေးသည်လေးများကြောင့် နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ သက်ကြီးရွယ်အိုများ အပါအဝင် မကွေးဒေသခံများ၏ မီးဖိုချောင်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ဧယျတု(မကွေး)**

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနနှင့် BABSEA CLE တို့ လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၆

တရားမျှတမှုကို အဓိကထား၍ တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စေရန်၊ ပညာရင်ရေ့နေများ၏စွမ်းဆောင်ရည်၊ တရားသော ကျင့်ဝတ်များ၊ အတတ်ပညာရင်ဆန်သောတာဝန်ယူမှုများ၊ pro bono ရေ့နေလုပ်ထုံးလုပ်နည်းများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနအတွက် ရန်ကုန်တက္ကသိုလ်နှင့် BABSEA CLE (Bridges Across Borders Southeast Asia Community Legal Education Initiative) တို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးသည့်အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

BABSEA CLE အဖွဲ့သည် ရန်ကုန်တက္ကသိုလ်တွင် ဥပဒေပညာရပ်ဆိုင်ရာ သင်ကြားမှုပိုမိုအားကောင်းလာစေရန်အတွက် သုတေသနပြုနည်းလမ်းများ အသုံးပြုခြင်းအပြင် နည်းပညာပိုင်းနှင့် ငွေကြေးအရပံ့ပိုးမှု ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

BABSEA CLE အဖွဲ့သည် အရှေ့တောင်အာရှတွင် သုတေသနပြုဥပဒေပညာပေးလုပ်ငန်းများကို ဥပဒေပညာပေးတရားဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်ဖော်ဆောင်နေသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနသည် ရန်ကုန်တက္ကသိုလ် စတင်ထူထောင်စဉ်ကပင် ရှိခဲ့သောဌာနတစ်ခုဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မာရီက " BABSEA CLE အဖွဲ့နဲ့ အခုလိုလက်မှတ်မထိုးခင်ကတည်းက UNDP ရဲ့ အထောက်အပံ့နဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အပြင် အခြားဥပဒေပညာဌာနတွေကိုပါ နိုင်ငံခြားခရီးစဉ်လေ့လာရေးတွေပါ စေလွှတ်ခဲ့ဖူးပါတယ်။ ပြင်ပအဖွဲ့အစည်းတစ်ခုနဲ့ ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနတို့ လက်မှတ်ရေးထိုးခဲ့တာဟာ အင်မတန်ကောင်းပါတယ်။ ဥပဒေအကြောင်းကို လက်တွေ့ဆက်စပ်သင်ကြားတဲ့ Clinical Legan Education (CLE)ကိုလည်း ပညာရင်အချင်းချင်း ဖလှယ်နိုင်မယ်၊ ဒါဟာ ဥပဒေပညာရင်တွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသားတွေအတွက်တင်မဟုတ်ဘဲ နိုင်ငံတော်အတွက်ပါ အထောက်အကူပေးနိုင်မယ့် အစီအစဉ်တစ်ခုလို့မြင်ပါတယ်" ဟု BABSEA CLE အဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းကြောင့် ရရှိလာနိုင်သောအကျိုးကို ပြောသည်။

လက်ရှိမြန်မာနိုင်ငံ၏ ဥပဒေတည်ရှိနေမှုအပေါ် ဒေါက်တာခင်မာရီက "လက်ရှိမြန်မာနိုင်ငံရဲ့ဥပဒေကို သုံးသပ်ပါဆိုရင် ဟိုတုန်းကတော့ ပြင်ဆင်တာတို့၊ အသစ်ပြဋ္ဌာန်းတာတို့ သိပ်မလုပ်နိုင်ဘူးပေါ့၊ အစိုးရသစ်လက်ထက်မှာတော့ ဥပဒေပြုမကဏ္ဍက အများကြီး ပြောင်းလဲနေပါပြီ၊ လိုအပ်တဲ့ဥပဒေသစ်တွေရေးဆွဲတာအပြင် ပြင်ဆင်ဖို့လိုအပ်တဲ့ ဥပဒေတွေကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်တယ်ဆိုတော့ ကောင်းတဲ့အလားအလာပါ" ဟု သုံးသပ်ထားသည်။

တက္ကသိုလ်များရှိ ဥပဒေပညာဌာနများအနေဖြင့် ဥပဒေဘာသာရပ်များအား အသစ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ တည်ရှိဆဲဥပဒေများနှင့်အညီ ပညာသင်ကြားပေးလျက်ရှိပြီး ဥပဒေပညာရပ်ဆိုင်ရာ ဘာသာရပ်များအား အသစ်ပြင်ဆင်ရေးဆွဲသွားရန်မရှိသော်လည်း ခေတ်နှင့်လျော်ညီမှုမရှိသည့် အပိုင်းများကို ပြင်ဆင်ပြည့်စွက်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဌာနမှူး ပါမောက္ခဒေါက်တာခင်မာရီထံမှ သိရသည်။

BABSEA CLE အဖွဲ့သည် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတင်မကဘဲ မြန်မာနိုင်ငံအနှံ့အပြားရှိ ဥပဒေပညာဌာနများနှင့်ပါ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲခေါင်ညွန့်**

သဖန်းဆိပ်ဆည်၌ ရေနည်းနေသဖြင့် ဆည်ရေသောက်တောင်သူများ ရေကိုစနစ်တကျ ချွေတာသုံးစွဲကြရန် နှိုးဆော်

ခင်ဦး ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ ရေဝင်တောင်သူများသည် မိုးခေါင်သော်လည်း သဖန်းဆိပ်ဆည်ကို အားထားနေရသည်။

သဖန်းဆိပ်ဆည်တမံတွင် ဩဂုတ် ၁၄ ရက်အထိ ရေ ၅၃၂၀၅၅ ဧကပေသာ ကျန်ရှိတော့သဖြင့် ရေဆင်းဧရိယာဒေသများနှင့် ဆည်ရေသောက်ဒေသများရှိ တောင်သူများအနေဖြင့် ရေကိုစနစ်တကျ ချွေတာသုံးစွဲကြရန်နှင့် ရရှိသောရေကိုလှောင်ထား၍ ရေဆိုးမြောင်းများအတွင်းသို့ မကျစေရေး အလေးထားဆောင်ရွက်ကြရန် ဆည်/မြောင်း ဦးစီးဌာနက ဩဂုတ် ၁၃ ရက်ကစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ဆည်ရေသောက်ကျေးရွာများသို့ ကွင်းဆင်းပြီး အသံချဲ့စက်ဖြင့် နှိုးဆော်အသိပေးလျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

အမည်ပြောင်း

[illegible]

ပြင်ဆင်ဖတ်ရှုပါရန်

၈-၈-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၁)ပါ တရားလိုဦးထွန်းဝင်း၏ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်အစား အောင်မြေသာစံမြို့နယ် တရားရုံးတော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/ လက်ခံရရှိခြင်းပြေစာ [ပုံစံ(စ)] မိတ္တူထုတ်ယူခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၂၂၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးဆွေငွန့်(ခ)မောင်မောင် ၉/မနမ(နိုင်) ၀၄၇၅၈၅က ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာ [ပုံစံ(စ)] ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၄၄၄၄ Myaylatt (ML-02) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၉/မသန(နိုင်)၀၈၃၁၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၉၇၂၂ Kenbo 125 M/C ယာဉ်လက်ပယ်ရှိသူ ဦးစိန်ငွေဖြိုး ၅/ရဘန(နိုင်)၁၆၇၇၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၃၂၈၄ Toyota IPSUM ACM 21, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်လဲ့လဲ့စု ၁၂/ဒဂန(နိုင်)၀၂၂၆၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၀၆၁၂ New Aibo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်း ၁၀/ဘလန(နိုင်)၀၇၃၆၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇စ/၅၇၆၉၊ Mazda Sorun PU, 4 ×2 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထက် ၁၂/အစန(နိုင်)၂၂၆၇၅၈ကေ (ကမ-၁) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)ထောက်ကြန့်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5831 Toyota Mark II S/L (4x2) ယာဉ် လက်ပယ်ရှိသူ ဒေါ်သူဇာငြိမ်း ၁၂/ဥကမ(နိုင်)၀၁၆၁၅၇က (ကမ-၁) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၀၂၅)၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧက ဦးသန်းထွန်း အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်အား ဦးနေမျိုးမောင် ၉/မနမ(နိုင်)၀၄၁၂၇၉ ဘ ဦးမြမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကျွဲကူးရွာ၊ ပုလဲသွယ် ရပ်ကွက်နေ ဦးတင်ငွေ-ဒေါ်မြရင်တို့၏ သမီး မစန္ဒာအေးသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ ၅-၇-၂၀၁၄ ရက် (စနေနေ့)တွင် မိမိသဘောဆန္ဒအလျောက် ထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

ဦးတင်ငွေ-ဒေါ်မြရင်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၈၁၃၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးသန်းညွန့်-ဒေါ်အုန်းလှတို့၏သား မောင်ဝေဖြိုးနောင်(ခ)မောင်နောင်နောင် ၉/မနတ(နိုင်)၁၀၀၃၆၅ နှင့် ဦးအိုက်ငြိမ်း-ဒေါ်မြညွန့် တို့၏သမီး မသန်းသန်းအေး (ခ) မယဉ်ယဉ်အေး ၁၃/နဆန(နိုင်)၀၄၅၂၆၇ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၃၀-၅-၂၀၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဒုတိယ တရားသူကြီး ဒေါ်ဌေးဌေးလွင် ရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ကိုဝေဖြိုးနောင်
၉/မနတ(နိုင်)၁၀၀၃၆၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် မိခင်နို့တိုက်ကျွေးမှုစံပြ အာဟာရချက်ပြုတ်သရုပ်ပြပွဲ

ဇမ္ဗူသီရိ ဩဂုတ် ၁၆

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အလျင်လို ကျေးလက်ကျန်းမာရေးဌာန၌ ဩဂုတ် ၁၁ ရက်နံနက် ၁၀ နာရီတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ် သရုပ်ပြပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြိုင်ပွဲဆုရရှိသည့် မိခင်များကို ဆုချီးမြှင့်ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်း၊ ငှက်ပျောသီး၊ ပဲနီစေ့၊ အားဆေးများထောက်ပံ့ခြင်း၊ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေအားဆေး တိုက်ကျွေးခြင်း၊ အာဟာရချက်ပြုတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး စေတနာအလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေများလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အခမ်းအနားသို့ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကိုထိုက်(ပျဉ်းမနား)

ပြောင်ခေါင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ဟိုပန်၌ ပုလဲသွယ်စပ်မျိုးစပါး GAP စနစ် စိုက်ပျိုးနည်းသရုပ်ပြ

ဟိုပန် ဩဂုတ် ၁၆

ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး GAP စနစ်ဖြင့်စိုက်ပျိုးရေး တောင်သူပညာပေးသရုပ်ပြပွဲကို ဟိုပန်မြို့ မန်မိုင်ရပ်ကွက်(အရှေ့)ကွင်းအမှတ်(၂၄) ဦးပိုင်အမှတ်(၁၈) တောင်သူဦးအိုက်ကိန်၏ ၂ ဒသမ ၇၉ ဧက ရှိလယ်မြေ၌ ဩဂုတ် ၁၃ ရက်က ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဇင်က GAP စနစ်ဖြင့်စိုက်ပျိုးခြင်းသည် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးတို့ သိပ္ပနည်းကျ GAP စနစ်ဖြင့် စိုက်ပျိုးသွားပါက တောင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းရှင်းလင်းဆောပြောပြီး လက်တွေ့စိုက်ပျိုးပြသသည်။

စိုက်ပျိုးပွဲသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာများမှ တောင်သူများ တောင်သူကြိုက်သမများတက်ရောက်ခဲ့ကြပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ထွန်းလူနှင့်တာဝန်ရှိသူများက တောင်ကြိုက်သမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူ၌အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ပခုက္ကူခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသောအာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပခြင်းနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၁ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ ဒေသန္တရဆရာဝန် ဒေါက်တာဖြူမာမြင့်က အာဟာရနှင့်ပတ်သက်၍ ချက်ပြုတ်ပုံနည်းစနစ်အကြောင်း ရှင်းလင်းပြောကြားပြီး ချက်ပြုတ်ပြိုင်ပွဲသို့ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ကမ္မတိုက်နယ်နှင့် မြစ်ခြေတိုက်နယ်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသော အဖွဲ့များကို ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

မိုးကုတ် ဩဂုတ် ၁၆

မိုးကုတ်မြို့နယ် ရွာသာကျေးရွာအုပ်စု ပြောင်ခေါင်းကျေးရွာ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းတွင် မိုးကုတ်မြို့နယ် အောင်ချမ်းသာရပ်နေ ဦးအောင်သိန်းမိသားစုတ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက်တ အဆိုပါ မူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ ကျောင်းဆောင်သစ်မှာ အလျား ၂၃ ပေ၊ အနံ ၅၄ ပေရှိ နံကပ်၊ သွပ်မိုး၊ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ရေလောင်းအိမ်သာ လေးထုံးပါဝင်ကာ စုစုပေါင်းတုန်ကျ ငွေကျပ် ၁၄၅ သိန်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးထုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဥတ္တာ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမ၊ ကျောင်းအုပ်ဆရာကြီး ဦးဒေးလွင်နှင့် အလှူရှင် ဦးအောင်သိန်းမိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလှူရှင် ဦးအောင်သိန်းမိသားစုက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမက လက်ခံရယူပြီး ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များတို့ အလှူရှင်မိသားစုအား ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

နေဝါ(မိုးကုတ်)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ဩဂုတ် ၂ ရက်က မိုးပွင့်စိမ်းရှက်အဆင့် (၆) အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးနိုင်က ကျောင်းသား ကျောင်းသူ ၄၀ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

ဖခင်အမည်မှန်
မိတ္ထီလာမြို့ ညောင်ကိုင်းစံပြကျေးရွာ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း အခန်း(C)မှ မောင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဘိုနီဖြစ်ပါကြောင်း။
ဦးဘိုနီ ၉/မနေ(နိုင်)၀၂၆၇၈၂

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရေဦးကုန်းရပ်ကွက်၊ ရေဦးမြို့ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (D) မောင်မင်းရန်နိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ရွေ ၅/ရဉန(နိုင်)၀၄၈၀၂ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6F/3187 Daihatsu P/U ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ကျော် ၆/ထဝန(နိုင်)၀၁၉၆၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဂ/၂၂၁၅ Pyit Taing Htaung Jeep, Jeep(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူဝင်းလွင် ၁၂/ရကန(နိုင်)၀၁၄၉၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဖခင်အမည်မှန်
ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ မုံတိုင်ပင် အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးကိုကို၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၅/ဝလန (နိုင်)၀၂၉၂၀၀ ဖြစ်ပါသည်။
ဦးတင်မောင်ဝင်း

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့ (အထက) တက္ကသိုလ်ဝင်တန်း (B)မှ မထက်ထက်မိုး၏ ဖခင်အမည်မှန်မှာ ဦးပြေသိန်း ၉/နထက(နိုင်)၁၂၃၈၃၃ ဖြစ်ပါကြောင်း။
ဦးပြေသိန်း

မွေးသက္ကရာဇ်အမှန်
မြင်းခြံမြို့ အထက (၄)၊ အဋ္ဌမတန်း (ခ)မှ မောင်မင်းသူခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၈-၂၀၀၁ဖြစ်ပါကြောင်း။
မောင်မင်းသူခန့်

ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အလက ကညင်တိုင်း၊ ပဥ္စမတန်းမှ မခိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးရန်ထွန်း ဖြစ်ပါသည်။
ဦးရန်ထွန်း

ဖခင်အမည်မှန်
ကျောက်မဲမြို့ အထက(၂) အလက-၃ တက္ကသိုလ်ဝင်တန်းမှ မညီမေသော်၏ ဖခင်အမည်မှန်မှာ ဦးစန်းနိုင် ၉/ရမသ(နိုင်) ၁၁၁၈၉၀ ဖြစ်ပါကြောင်း။
ဦးစန်းနိုင်

အမည်ပြောင်း
ဦးသန်းဝင်း ၁/မညန(နိုင်)၀၈၀၅၇၅၏ သားဖြစ်သူ လားရှိုးမြို့ အထက (၆)၊ တတိယတန်း(ဂ)မှ မောင်အောင်မြတ်ဝင်းအား မောင်အောင်မြတ်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဂ/၉၂၆၉ ချင်းတွင်းစတား၊ ပစ်ကပ်ယာဉ် လက်ဝယ်ရှိသူ ဦးသိန်းအောင် ၅/မရန(နိုင်)၁၉၅၀၀၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ခ/၃၆၄၀ SHAN STAR SS01 JEEP ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၄/ညတန(နိုင်)၁၀၀၉၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်
ဦးတင်မြင့်ဝင်း၏သမီး မုံရွာမြို့ အထက (၂)၊ အဋ္ဌမတန်း(ခ)မှ မဖူးသွယ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်မြင့် ၅/ခကန(နိုင်)၀၀၀၄၀၀ ဖြစ်ပါသည်။
ဦးတင်မောင်မြင့် ၅/ခကန(နိုင်)၀၀၀၄၀၀
ချမ်းမြသာစည်ရပ်၊ မုံရွာမြို့

ဖခင်အမည်မှန်
နွားထိုးကြီး(အထက) တက္ကသိုလ်ဝင်တန်း (B) တွင် ပညာသင်ကြားနေသော မစန္ဒာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ကျော် ၉/နတက(နိုင်)၀၈၆၅၉၄ ဖြစ်ပါသည်။
ဦးထွန်းအောင်ကျော်

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၅ဂ/၄၁၂၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ပျောက်ဆုံးကြောင်း
ဦးဖြိုးဝေလင်း ၁၂/မဂတ(နိုင်) ၀၉၂၂၆၁သည် ရုံးလုပ်ငန်းများဆောင်ရွက်ရင်း သွင်းကုန်ပါမစ်အမှတ် ILV.12-13-2914. 07.03.2013 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၂၁၀၇၉၃၅၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် အ/၅၇၈၀ ဟီးနိုးရိမ်းဂျား FD 16B ထရပ်(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၁၄/ကကန(နိုင်)၀၀၅၅၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၆ယ/၅၇၉၄၄ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်မိုး ၁၄/ပသရ(နိုင်) ၁၆၃၅၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အုတ်ဖိုရွာ၊ ရေဦးမြို့နယ် ထန်းတောဗောဓိ(အထက) တက္ကသိုလ်ဝင်တန်းမှ မနှင်းမာမိုး နှင့် အောင်ကဲ့ဇင် (အလက)သတ္တမတန်းမှ မနှင်းမာစိုး တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်းရှိန် ၅/ရဉန(နိုင်)၀၅၃၂၄၈ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၆ယ/၆၂၈၂၆ Suzuki Shogun 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၄/မမန(နိုင်)၁၀၇၈၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် ရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားများ ရေသန့်စင်ခြင်းသုတေသနများ ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၆

ဂျပန်နိုင်ငံအခြေစိုက် မစ်ဆူဘီရှိ ရေယွန် ကုမ္ပဏီနှင့် Myanmar Water Engineering and Products ကုမ္ပဏီတို့မှ ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ဆိုင်ရာ ကျောင်းသားများ သုတေသနလုပ်ငန်းဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ဒေါ်လာသုံးထောင်ကို ပေးအပ်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်နည်းပညာ တက္ကသိုလ် ကျောင်းသားများ သုတေသနပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ Bench Scale Membrane Bio Reactor ရေသန့်သုတေသနပြုခြင်းဆိုင်ရာ စက်ကိရိယာများကို ဩဂုတ် ၇ ရက်က အဆိုပါတက္ကသိုလ်သို့ ပေးအပ်ထောက်ပံ့ခဲ့ပြီး သုတေသနလုပ်ငန်းများကို စက်တင်ဘာလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်အပြင် ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ရှိ ကျောင်းသားများနှင့်လည်း အတူပူးတွဲကာ ရန်ကုန်မြို့တွင်းရှိ ရေသန့်စင်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် သုတေသနဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Water Engineering and Products ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာ သုတေသနလုပ်ငန်းတွေကို အဆင့်မြှင့်တင်နေပါတယ်။ သုတေသနလုပ်ငန်းတို စနစ်တကျဆောင်ရွက်နိုင်မှ အရည်အသွေးပြည့်မီတဲ့ ကျောင်းသားတွေ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလို မြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေရဲ့ အထောက်အပံ့ကြောင့်လည်း သုတေသနလုပ်ငန်းဆောင်ရွက်ဖို့ အဆင်ပြေလာပါတယ်"ဟု နည်းပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်ကပြောကြားသည်။ **ခင်ရတနာ**

ပညာရည်ချွန်ဆုပျား ပေးအပ်

မိုးညှင်း ဩဂုတ် ၁၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပင်းဟဲစံပြကျေးရွာအုပ်စု ပင်းဟဲ ရေအားလျှပ်စစ် ဓမ္မသုခရိပ်သာကျောင်း၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုနှင့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများကို ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် မိုးညှင်း၊ ဟိုပင်၊ ပင်းဟဲ၊ နမ်းမား၊ မော်လူး ဒေသတို့မှ မြို့နယ်အဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၉၉၉ ဦးနှင့် ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့ကို ပထမဆု ငွေကျပ် ၅၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၄၄၀၀၀၀၊ တတိယဆု ငွေကျပ် ၃၃၀၀၀၀၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀၀နှင့် စာရေးကိရိယာများကို ပင်းဟဲ ဆရာတော် ဦးနာယက၊ ဦးစီးဆရာတော်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဒီစိုး**

ကျောင်းကျန်းမာရေး ဟောပြော

ရေကြည် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အထက(၂) မြို့မ၌ ကျောင်းတွင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၄ ရက်က အထက(၂) ကျောင်း တော်ဝင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖောလောအယ်က အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်စမ်းက ဝမ်းလျှော၊ ဝမ်းပျက် ရောဂါကာကွယ်ခြင်း၊ ဖြစ်ပွားလာလျှင် ကုသခြင်း၊ ယင်လုံအိမ်သာစနစ်တကျ သုံးစွဲခြင်း၊ မိုးရာသီအဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

ကလေးမိခင်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အာဟာရပြည့်ဝစေရန် တန်ဖိုးနည်း အာဟာရချက်ပြုတ်နည်း လက်တွေ့သရုပ်ပြပွဲကို မလှိုင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဩဂုတ် ၁၄ ရက်က ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းမြင့်က အသီးအနှံများတွင်ပါဝင်သည့် အာဟာရဓာတ်များအကြောင်း ရှင်းလင်းပြောကြားစဉ်။
အောင်ဌေး(မလှိုင်)

သတင်းတို

နားရောဂါလူနာများအား အခမဲ့ကုသပေး

ကရင်ပြည်နယ်အတွင်း နားရောဂါလူနာရှင်များအား ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခမဲ့စမ်းသပ် ခွဲစိတ်ကုသခြင်းကို ဘားအံပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၁၃ မှ ၁၅ရက်အထိ ဆောင်ရွက်ပေးခဲ့ရာဝေဒနာရှင် ၈၀၀ ကျော်ကို စမ်းသပ်ကုသပြီး ၁၀၀ ခန့်ကို ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ဘားအံ)**

နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

စစ်ကိုင်း ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရေခါးကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်သူများအား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေး ကတ်ပြားများကိုပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းတင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီး လဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်ခြင့်၊ ခရိုင်ဦးစီးမှူး ဦးတိုးလင်း၊ မြို့နယ်ဦးစီးမှူး ဦးမိုးဇော်ခိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့်ဓာတ်ပုံအလှူရှင် မြို့နယ်အထောက်အကူပြု ကော်မတီဝင် ဦးဝင်းနိုင် (လမင်းသာစားသောက်ဆိုင်)တို့က ကျေးရွာနေပြည်သူ ၁၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

ထို့နောက် အဆိုပါအဖွဲ့သည် ပတ္တမြားရပ်ကွက်နေ ပြည်သူ ၇၈ ဦးအား မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဆောင်ရွက်ပေးခဲ့ပြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြားကျေးရွာများမှ နိုင်ငံသား စိစစ်ရေးကတ်ပြား မရရှိသေးသော ပြည်သူများကို ကတ်ပြားများ ဆက်လက်ထုတ်ပေးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ပင်လုံ)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ပင်လုံ)မှအောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
က	သစ်သားဗီရို(ကျွန်း) (၆'×၃'×၁' ၆")	၁၀ လုံး

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၈-၂၀၁၄ ရက် မွန်းလွဲ ၂နာရီ
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(ပင်လုံ)၊ လှိုင်လင်မြို့
ဖုန်း-၀၈၁-၃၁၀၄၅၂၊ ၀၈၁-၃၁၀၅၉၁

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကလောမြို့၊ အမှတ်(၅)ရပ်ကွက်၊ ၅/၂၉ ကုန်သည်လမ်းနေ ဦးသိန်းလွင်-ဇိုင်သွန်ဘီ (ခ) ဒေါ်ခင်မြင့်တို့၏သမီး မဝင့်နီလွင် ၁၃/ကလန(နိုင်)၀၀၇၁၈၀ အား ၆-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)ပါ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း ကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း။

ဦးသိန်းလွင် ၁၃/ကလန(နိုင်)၀၀၆၉၂၃
ဇိုင်သွန်ဘီ(ခ)ဒေါ်ခင်မြင့် ၁၃/ကလန(နိုင်)၀၀၇၁၇၅

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၅/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရံပစ္စည်းများ- MS Condenser Tube, Demi Water Pump Motor, Low Pressure Flooding Pump without Motor, Microbmonitor for ATF Analysis
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရံပစ္စည်းများ- Level Transmitter, Boiler Super Heater Tube & Accessories, Power Cable
(ခ) ကုန်ကြမ်းပစ္စည်းများ-အပ်ချည်လုံး၊ Woven Polypropylene Bag (WPP-Bag)
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်/အချိန်
Power Cable နှင့် WPP-Bag အတွက် - ၂၈-၈-၂၀၁၄ရက်၊ ၁၂း၀၀နာရီ
ကျန်ပစ္စည်းများအတွက် - ၂၂-၉-၂၀၁၄ရက်၊ ၁၂း၀၀နာရီ
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ ဌာနဆိုင်ရာကြော်ငြာ စာမျက်နှာ ၂၁ နှင့် စာမျက်နှာ ၂၁ပါ သင်တန်းသားခေါ်ယူခြင်းကြော်ငြာတွင် ယန္တန်းပညာကောလိပ် (ပုဂံမြို့)၌ ဖွင့်လှစ်သည့် သင်တန်း (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့အတွက် အဆောင်အခမဲ့နေထိုင်ခွင့်ပြုသည်ဟူသည့် စကားရပ်အစား တစ်လလျှင်အဆောင်ကြေး ကျပ် ၄၀၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း
ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး
အထူးလုပ်ငန်းအဖွဲ့

သစ်တောဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါ ဝန်ထမ်းအိမ်ရာများနှင့် ပျိုးဥယျာဉ်ဆောက်လုပ်နိုင်ရန်အတွက် အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** / **လုပ်ငန်း**
(က) မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့်သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ — ပေ(၄၀×၃၀×၁၂) နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ သွပ်မိုး၊ တစ်ထပ်၊အုတ်ညှပ်၊နံရံကာ၊ ရေ၊မီး၊ မိလ္လာအပါအဝင်တစ်လုံးစီ၊ စုစုပေါင်း နှစ်လုံး
(ခ) မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် — ပေ(၃၀×၃၂×၁၁)ဝန်ထမ်းနေအိမ်၊သွပ်မိုး၊ တစ်ထပ် အုတ်ညှပ်၊ နံရံကာ၊ ရေ၊ မီး မိလ္လာအပါအဝင် တစ်လုံး
(ဂ) မကွေးခရိုင်၊မြို့သစ်မြို့နယ် — ပျိုး(၁)သိန်းဆံ့ပျိုးဥယျာဉ်ပေ(၆၈×၇၇)ပျိုးစင်နှစ်စင်
၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၉-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၀၃၂၊ ၀၆၃-၂၃၀၃၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မကွေး၌ Telemedicine ဆေးခန်းများ ဖွင့်လှစ်မည်

မကွေး ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်ဝေနိုင်ရန်အတွက် Telemedicine ဆေးခန်းများ ဖွင့်လှစ်ရန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆေးခန်းများဖွင့်လှစ်ရေးလုပ်ငန်း အသိပေးရှင်းလင်းပွဲကို မတွေးမြို့ မြို့တော်ခန်းမတွင် ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတိုင်းဒေသကြီးရှိ လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ လူလတ်တန်းစားများဖြစ်ကြောင်း၊ Telemedicine ဆေးခန်းများဖွင့်လှစ်နိုင်ပါက ဒေသခံပြည်သူများ၏ အနာဂတ် ကျန်းမာရေးအတွက် ပိုမိုတောင်းမွန်လာမည်ဖြစ်၍ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရေး အဖြေထွက်လာရန် ဝိုင်းဝန်းရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရွှေဇနကကုမ္ပဏီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က Telemedicine ဆေးခန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ မြန်မာပြည်သူပြည်သားအားလုံး အရည်အသွေးမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုကို ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးပြု၍ ငွေကုန်ကြေးကျသတ်သာစွာဖြင့် ရရှိခံစားစေရန်၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုတကျှာ အရည်အသွေးတိုးတတ်လာစေရန်နှင့် ကျန်းမာရေးဆိုင်ရာ တွန်ရက်တစ်ခု ထူထောင်ရန်၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု (Public Private Partnership) ပိုမိုပီပြင်အာကောင်းရန် လုပ်ဆောင်ရမည့် နည်းပညာများနှင့် ဝတ်သက်ပြီး အချက် (၉)ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မကွေးဆေးဘက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်းမြတ်အေးက ဆေးခန်းတွင် အသုံးပြုမည့် IT နည်းပညာများအကြောင်းနှင့် အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာတင်ညွန့်က ဆေးခန်းဖွဲ့စည်းပုံများ အကြောင်းတို ရှင်းလင်းပြောကြားကာ ထုပ်ငန်းရှင်းလင်းပွဲ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လုပ်ငန်းရှင်းလင်းပွဲသို့အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းမြင့်၊ မကွေး ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် သင်ကြားရေး ဆရာဝန်ကြီးများ အထူးကုဆရာဝန်များ၊ မတွေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၅ ခုမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မကွေးမြို့နယ်ရှိ ပုဂ္ဂလိကဆေးရုံ ဆေးခန်းများမှ ဆရာဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

ကျိုက်ထိုမြို့၌ရေမြင့်တက်ခဲ့သောရပ်ကွက်များအားရေသန့်ဆေးများဖြန့်ဝေ

ကျိုက်ထို ဩဂုတ် ၁၆

ကျိုက်ထိုမြို့နယ် ဩဂုတ် ၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်ကျရေများပြီးရေမြင့်တက်မှုကို မြေနိမ့်ပိုင်းတွင်ရှိနေသည့် ရပ်ကွက်များကြုံတွေ့ခဲ့ရသဖြင့်သောက်သုံးရေတွင်းများပျက်စီးမှုရှိခဲ့၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် World Vision အဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ကော့စံနိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရေသန့်ဆေးထုပ်များပေးအပ်လှူဒါန်းခဲ့သည်။ ပေးအပ်လှူဒါန်းပွဲတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေကသဘာဝဘေးဒဏ်ခံရသည့်နေရာများတွင် အန္တရာယ်ကင်းစွာအသုံးပြုနိုင်သည့် ရေသန့်ဆေးများဖြစ်ကြောင်းကိုဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများကိုရှင်းလင်းပြောကြားပြီး သဘာဝဘေးတုံ့ပြန်ရေးဌာနမှူးဦးမိုးသူက ဆေးသုံးစွဲနည်းကိုလက်တွေ့သရုပ်ပြရှင်းလင်းခဲ့သည်။

ဆက်လက်၍မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်ကွက်နေပြည်သူများက ရေသန့်ဆေးနှင့် ပတ်သက်သည့်အကျိုးအပြစ်များကိုမေးမြန်းရာ သဘာဝဘေးစီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇင်ဦး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးဌာနမှူး ဒေါက်တာစောမင်းထူးတို့က ပြန်လည်ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေ၊ ညွှန်ကြားရေးမှူးဦးဝင်းဇင်ဦး၊ ဌာနမှူးဦးမိုးသူ၊ ဒေါက်တာစောမင်းထူးတို့က ရေသန့်ဆေးများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်နှင့် ကော့စံနိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတင်စိုးတို့ထံသို့ ပြည်သူများအသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘားအံ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုပြုလုပ်

ဘားအံ ဩဂုတ် ၁၆

ကရင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ မူကြိုကလေးငယ်များ အာဟာရပြည့်ဝစွာချက်ပြုတ်စားသောက်နိုင်ရေးအတွက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ အာဟာရရက်သတ္တပတ်လှုပ်ရှားမှု ချက်ပြုတ်နည်းသရုပ်ပြပွဲနှင့် စံပြမိခင်ပြိုင်ပွဲတို ဩဂုတ် ၁၃ ရက်က ဘားအံမြို့ ပြည်နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေက အာဟာရအုပ်စုသုံးစုကို အခြေခံသည့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသောက်နေထိုင်ခြင်းများကို ဆွေးနွေးပြောကြားကာ အာဟာရပြည့်ဝစွာရရှိအောင် ချက်ပြုတ်နည်းကို သရုပ်ပြသခဲ့သည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် မူကြိုအရွယ်ကလေးသူငယ်များအား အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးကြသည်။ ဆက်လက်၍ စံပြမိခင်ပြိုင်ပွဲကိုတင်းပရာ အာဟာရထိန်းသိမ်းတွပ်ကဲရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာနိုနိုဇင်သက်နှင့် ဒေသန္တရဆရာဝန်ဒေါက်တာခင်မျိုးအေးတို့က စံပြမိခင်ဆုရရှိသူများအားရွေးချယ်တာ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုနေ(ဘားအံ)

ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်း မကြာမီ ပြီးစီးမည်

ရေစကြို ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်းကျေးရွာချင်းဆက်မြေသားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၂ ဒသမ ၅၇၅၆ သန်းဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပြီး ရေစကြိုမြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းများအနက် ပထမဆုံးသော ကတ္တရာလမ်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆင်ချောင်း-ကုန်းတလင်း-ဇီးကုန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၂ ဒသမ ၅၇၅၆ သန်းနဲ့ လမ်းဖြစ်မြောက်ရေး ကော်မတီက တာဝန်ယူခင်းနေပါတယ်။ လမ်းအရှည် ၂ မိုင်၊ လမ်းအကျယ် ၁၂ ပေ ဖြစ်ပါတယ်။ အခုလုပ်ငန်းအားလုံးရဲ့ တစ်ဝက်ပြီးစီးနေပါပြီ။ မကြာမီ အားလုံးပြီးစီးတော့မှာဖြစ်ပါတယ်" ဟု လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သင်းက ရှင်းပြသည်။

